

# ထိခိုက်ဆုံးရှုံးခဲ့ရမှုများထဲမှ အပိုင်းအစများ

## မြန်မာနိုင်ငံ၏ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်



ATHAN အသံ

အောက်တိုဘာလ၊ ၂၀၂၂

# မာတိကာ

## အခန်း (၁)


၁.၁ ငြိမ်းချမ်းစွာစုဝေးခြင်းဆိုင်ရာ နိုင်ငံတကာ စံချိန်စံနှုန်းများ
စာမျက်နှာ (၁)

၁.၂ အာဏာသိမ်းပြီးနောက်တွေ့ရှိရသည့် မြန်မာနိုင်ငံမှ ဆန္ဒထုတ်ဖော်ခြင်း၊ ဆန္ဒပြခြင်းများ
စာမျက်နှာ (၂ မှ ၃ထိ)

၁.၃ ဆူပူအကြမ်းဖက်မှုပုံစံဆောင်သော ဆန္ဒပြပွဲများ
စာမျက်နှာ (၄)

၁.၄ စီးပွားရေးဆိုင်ရာ ဆန္ဒပြပွဲများ
စာမျက်နှာ (၄ မှ ၆ထိ)

၁.၅ မိမိကိုယ်ကို မီးရှို့ဆန္ဒပြမှု
စာမျက်နှာ (၆)

၁.၆ ငြိမ်းချမ်းစွာဆန္ဒပြခြင်းနှင့် အမျိုးသမီးများ၊ LGBTQIA များ၏ အခန်းကဏ္ဍ
စာမျက်နှာ (၆ မှ ၇ထိ)

၁.၇ ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းနှင့် သံဃာတော်များ၏ အခန်းကဏ္ဍ
စာမျက်နှာ (၇ မှ ၈ ထိ)

၁.၈ ထောင်တွင်းဆန္ဒပြမှုများနှင့် ဖိနှိပ်မှုများ
စာမျက်နှာ (၉)

၁.၉ စစ်ကြောရေးနှင့် ထောင်တွင်း အကြမ်းဖက်နှိပ်စက်မှု
စာမျက်နှာ (၁၀)

၁.၁၀ စစ်ကြောရေးနှင့် အကျဉ်းထောင်တွင်းရောက် အမျိုးသမီးများ၊ LGBTQIA များ၏ ငရဲစခန်း
စာမျက်နှာ (၁၁ မှ ၁၂ထိ)


## အခန်း (၂)


၂.၁ ဥပဒေပိုင်းဆိုင်ရာ ချိုးဖောက်ခံရခြင်းများ
စာမျက်နှာ (၁၃)

၂.၂ နိုင်လွတ်လို့ ဥပဒေပြင်ဆင်ခြင်းနှင့် နိုင်ငံသားအခွင့်အရေးများအား ဆုံးရှုံးခြင်း
စာမျက်နှာ (၁၃ မှ ၁၄ ထိ)

၂.၃ ရပ်ကျေးဥပဒေအား ပြင်ဆင်ခြင်း
စာမျက်နှာ (၁၄)

၂.၄ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ (ငြိမ်းစုစီ ဥပဒေ) ဖြင့်အရေးယူမှုနည်းပါး
စာမျက်နှာ (၁၅)

၂.၅ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ပြဋ္ဌာန်းခြင်း
စာမျက်နှာ (၁၅ မှ ၁၆ ထိ)

၂.၆ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ
စာမျက်နှာ (၁၆)


## အခန်း (၃)


၃.၁ အဆက်ပြတ်မသွားသည့် သပိတ်စစ်ကြောင်းများ
စာမျက်နှာ (၁၇)

၃.၂ ဒေသတွင်း ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်နေသော ပြည်သူများအား စစ်တပ်၏ဖိနှိပ်မှုများ
စာမျက်နှာ (၁၇ မှ ၂၀ ထိ)

၃.၃ အကြမ်းဖက်ဖိနှိပ်မှုများနှင့် လူထု၏ပူးပေါင်းပါဝင်မှု
စာမျက်နှာ (၂၀ မှ ၂၂ ထိ)

၃.၄ မြို့ပြပြောက်ကျားသပိတ်များနှင့် digital surveillance အန္တရာယ်
စာမျက်နှာ (၂၂ မှ ၂၃ ထိ)

၃.၅ နိုင်ငံတကာဥပဒေများ၏ လက်တွေ့ဖိနှိပ်ခံပြည်သူများအပေါ် အကာအကွယ်၊ သက်ရောက်မှု
စာမျက်နှာ (၂၃ မှ ၂၄)

၃.၆ အမျိုးသမီးရှေ့နေများ လိင်ပိုင်းဆိုင်ရာ ထိပါးစော်ကားခံရမှု
စာမျက်နှာ (၂၄)


# အခန်း (၄)


နိဂုံး
စာမျက်နှာ (၂၅)

သုတေသနနည်းလမ်းနှင့် စိန်ခေါ်မှုများ
စာမျက်နှာ (၂၅ မှ ၂၆ ထိ )

ကျေးဇူးတင်လွှာ
စာမျက်နှာ (၂၆)




# အနှစ်ချုပ်တွေ့ရှိချက်

- ဆန္ဒပြပွဲများ၏ ၉၉ ရာခိုင်နှုန်းသည် စစ်အာဏာရှင် ဆန့်ကျင်သော ဆန္ဒပြပွဲများဖြစ်ပြီး လူမှုစီးပွားဆိုင်ရာ ဆန္ဒပြပွဲများအဖြစ် ဧကမ္ဘာစက်ရုံဝန်းအတွင်း အထည်ချုပ်အလုပ်သမားများ ထောင်ချီဆန္ဒထုတ်ဖော်မှု၊ Food Panda Rider များ၏ ဆန္ဒထုတ်ဖော်မှု၊PMGပုလင်းသန့်စင်စက်ရုံမှ အလုပ်သမားများရက်မှန်ကြေးရရှိရေးအတွက် သပိတ်မှောက်တောင်းဆိုမှုနှင့် ဆူပူအကြမ်းဖက်မှုသဘောဆောင်သော တပ်မတော်ထောက်ခံပွဲ အချို့ကိုတွေ့ရှိရသည်။

- စစ်တပ်မှ လူထုပြောက်ကျားသပိတ်များ ပြုလုပ်ခဲ့သည့် နေရာအနီးတဝိုက်ရှိ လူနေအိမ်များ၊ဈေးများနှင့် ပြည်သူပိုင်ပစ္စည်း ဥစ္စာများအား မီးရှို့ဖျက်ဆီးသည့် ဖြစ်စဉ်များနောက်ပိုင်း ပြောက်ကျားသပိတ်များတွင် လူထု၏ပူးပေါင်းပါဝင်မှုများ လျော့နည်းခဲ့ပြီး စစ်တပ်မှ လူထုနှင့်သပိတ်ဆောင်ရွက်သူများကြား သွေးခွဲသည့် နည်းလမ်းများ သိသိသာသာ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေကြောင်း တွေ့ရသည်။

- ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ကြသော ဆန္ဒပြပွဲများနှင့် သပိတ်များအား စစ်ဘက်သုံးကား၊ အရပ်သားစီးကားများဖြင့်တိုက်၍ ရက်စက်စွာ ဖြိုခွင်းမှု (၁၉) ကြိမ်တွေ့ရှိရပြီး မန္တလေးတိုင်းတွင် (၈) ကြိမ်၊ ရန်ကုန်တိုင်းတွင် (၅) ကြိမ်၊ စစ်ကိုင်းတိုင်းတွင် (၃) ကြိမ်၊ ရှမ်းပြည်နယ်တွင် (၁) ကြိမ်၊ ကချင်ပြည်နယ်တွင် (၁) ကြိမ်နှင့် တနင်္သာရီတိုင်းတွင် (၁) ကြိမ်တွေ့ရသည်။

- စစ်အာဏာသိမ်းမှုနောက်ပိုင်း ထောင်တွင်းဆန္ဒပြပွဲများစွာကို လေ့လာတွေ့ရှိရပြီး ဆန္ဒပြပွဲအမျိုးအစားများမှာ စစ်အာဏာရှင်ဆန့်ကျင်သော အစာငတ်ခံဆန္ဒပြပွဲများ၊ အကျဉ်းသားများအနေဖြင့် အကျဉ်းထောင်အတွင်းရသင့်သော အခွင့်အရေးမရရှိ၍ ဆန္ဒထုတ်ဖော်မှုများ၊ ပြင်ပဖိနှိပ်ခံပြည်သူများနှင့်အတူ ရပ်တည်ကြောင်းဖော်ထုတ်သည့် ဆန္ဒပြပွဲများ စသည်တို့ဖြစ်သည်။ ဆန္ဒထုတ်ဖော်သော နိုင်ငံရေးအကျဉ်းသားများအား ရိုက်နှက်ခြင်း၊ တိုက်ပိတ်ခြင်း၊ စာဖတ်ခွင့်ပိတ်ပင်ခြင်း၊ ထောင်ဝင်စာ ကန့်သတ်ခြင်း၊ လုံခြုံရေးတင်းကြပ်ခြင်းနှင့် အသက်သေဆုံးသည်ထိ ညှဥ်းပန်း နှိပ်စက်ခြင်း တို့ရှိသည်။

- ဆန္ဒပြခြင်း၊ ဆန္ဒထုတ်ဖော်ခြင်းများတွင် ပါဝင်သောသူများအား ပြစ်ဒဏ်နည်းသော ပုဒ်မများမှ ပြစ်ဒဏ်များ၍ ပြင်းထန်သော ပုဒ်မများသို့ပြောင်းလဲ၍ အရေးယူတရားစွဲခြင်း၊ ခြိမ်းခြောက်ခြင်းများ ပိုမိုများပြားလာသည်။ ဖမ်းဆီးခံရသူများသည် ပြစ်ဒဏ်နည်းသော ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ (ငြိမ်းစုစီ)ဖြင့် တရားစွဲဆိုခံရမှုနည်းပြီး ပြစ်ဒဏ်ပို၍ကြီးလေးသော ရာဇသတ်ကြီးပုဒ်မ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မများ အစရှိသည့် ပုဒ်မများဖြင့် အရေးယူခြင်းခံရသည်။

- ဆန္ဒပြပွဲများ၊ ဆန္ဒထုတ်ဖော်မှုများတွင် ဖမ်းဆီးခံရသောသူများ၊ နိုင်ငံရေးသမားများနှင့် တက်ကြွလှုပ်ရှားသူများကို ဥပဒေရေးအရ ရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်ပေးကြသည့် ရှေ့နေများအား ဖမ်းဆီးထောင်ချခြင်းများ တွေ့ရှိရသည်။ ၄င်းအပြင် ဆန္ဒပြ၍ဖမ်းဆီးတရားစွဲဆိုခံရသည့် အမှုများကိုလိုက်ပါဆောင်ရွက်ပေးသည့် လူငယ်အမျိုးသမီးရှေ့နေများသည် စစ်သားများနှင့်ရဲသားများ၏ လိင်ပိုင်းဆိုင်ရာထိပါးစော်ကားမှုကို ခံနေရကြောင်းတွေ့ရှိရသည်။

- အာဏာသိမ်းမှုကို ဆန့်ကျင်သည့် ဆန္ဒပြပွဲများအား ယနေ့အချိန်ထိ မြို့ကြီးများတွင် အကြမ်းဖက်ဖိနှိပ်မှုများရှိနေသည့်တိုင် ပြောက်ကျားသပိတ်များကို ပြုလုပ်နေဆဲဖြစ်ပြီး နေ့စဥ်နီးပါး ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်သော ဆန္ဒပြပွဲများကိုလည်း စစ်ကိုင်းတိုင်းတွင် ကလေးမြို့ပင်မသပိတ်၊ ယင်းမာပင်ရွှေနှယ်သွေးသပိတ်၊ ယင်းမာပင်ကယ်တင်ရှင်မရှာဒို့ကျေးရွာသပိတ်၊ ယင်းမာပင်အရှေ့ခြမ်းနှင့် ဆားလင်းကြီးမြောက်ခြမ်း ရွာပေါင်းစုံသပိတ်စစ်ကြောင်း စသည့်သပိတ်စစ်ကြောင်းများကို လေးစားဖွယ်တွေ့ရသည်။

# အခန်း (၁)

## (၁.၁) ငြိမ်းချမ်းစွာစုဝေးခြင်းဆိုင်ရာ နိုင်ငံတကာ စံချိန်စံနှုန်းများ

ငြိမ်းချမ်းစွာ စုဝေးခွင့် (Right to Peaceful Assembly) သည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အထူးဆက်စပ်နေသည့် ရပိုင်ခွင့်တစ်ခုဖြစ်သည်။ ICCPR အပါအဝင် နိုင်ငံတကာသဘောတူစာချုပ်အများအပြားတွင် ငြိမ်းချမ်းစွာစုဝေးခွင့်ကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့်အတူ ကာကွယ်ပြဋ္ဌာန်းပေးထားသည်။ဤရပိုင်ခွင့်သည် ဒီမိုကရေစီ၊ လူ့ရပိုင်ခွင့်၊ တရားဥပဒေစိုးမိုးမှု၊ ဗဟုဝါဒတို့ကို အခြေခံသည့် ပြည်သူလူထုပါဝင်သော အုပ်ချုပ်စီမံမှုစနစ်တစ်ရပ်အတွက် အမှန်တကယ်ပင် အုတ်မြစ်ဖြစ်သောကြောင့် အခရာကျသော ရပိုင်ခွင့်တစ်ရပ်ဖြစ်သည်။ အစိုးရတစ်ရပ် အနေဖြင့် ဤရပိုင်ခွင့်ကို လေးစားရန်ပျက်ကွက်ပါက လူထုအပေါ် ဖိနှိပ်နေသည့် လက္ခဏာတစ်ရပ်ဟု ဆိုနိုင်သည်။
ငြိမ်းချမ်းစွာစုဝေးခွင့်တွင် ပုံစံအမျိုးမျိုးရှိပြီး အောက်ပါတို့မှာ -

- ဆန္ဒထုတ်ဖော်ခြင်း၊ ဆန္ဒပြခြင်း
- စီတန်းလမ်းလျှောက်ခြင်း
- အွန်လိုင်းပေါ်မှ စုရုံးခြင်း
- လူစုလူဝေးပြုလုပ်ခြင်း
- သပိတ်အမျိုးမျိုး
- အစည်းအဝေး

ငြိမ်းချမ်းစွာစုဝေးခွင့်ကို အပြည်ပြည်ဆိုင်ရာ လူ့ရပိုင်ခွင့်ကြေညာစာတမ်း အပိုဒ် ၂၀ အရ လူတိုင်းတွင် လွတ်လပ်ငြိမ်းချမ်းစွာ စုဝေးနိုင်ခွင့်နှင့် ဖွဲ့စည်းနိုင်ခွင့်တို့ ရှိသည်။ မည်သူ့ကိုမျှ အဖွဲ့အစည်းတစ်ခုသို့ ဝင်စေရန် အတင်းအကြပ် မပြုရပေ။ ထို့အပြင် အပြည်ပြည်ဆိုင်ရာ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (ICCPR) တွင်လည်း ငြိမ်းချမ်းစွာစုဝေးခွင့်ကို ကာကွယ်ပေးထားသည်။ ICCPR အပိုဒ် (၂၁)အရ "ငြိမ်းချမ်းစွာစုဝေးနိုင်ခွင့်ကို အသိအမှတ်ပြုစေရမည်။




နိုင်ငံတော်လုံခြုံရေး သို့မဟုတ် အများပြည်သူဘေးကင်းလုံခြုံရေး၊အများပြည်သူအေးချမ်းသာယာရေး၊ ပြည်သူ့ကျန်းမာရေး သို့မဟုတ် ပြည်သူလူထုကိုယ်ကျင့်တရားကို ကာကွယ်စောင့်ရှောက်ရေးသို့မဟုတ် အခြားသူများ ရပိုင်ခွင့်များနှင့် လွတ်လပ်ခွင့်များကို ကာကွယ်စောင့်ရှောက်ရေးတို့အတွက် ဒီမိုကရေစီလူ့ဘောင်အဖွဲ့အစည်းတွင် လိုအပ်ချက်အရဥပဒေနှင့်အညီ ပြုလုပ်သော ကန့်သတ်ချက်များမှအပယင်းရပိုင်ခွင့်အား ကျင့်သုံးဆောင်ရွက်မှုအပေါ် မည်သည့် ကန့်သတ်မှုမျှ မပြုလုပ်ရပေ။"[1]

[1]လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် သင်တန်းလက်စွဲ (၂၀၂၀-၂၀၂၁)၊ အသံ-လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့

# (၁.၂) အာဏာသိမ်းပြီးနောက်တွေ့ရှိရသည့် မြန်မာနိုင်ငံမှဆန္ဒထုတ်ဖော်ခြင်း၊ ဆန္ဒပြခြင်းများ

၂၀၂၁ခုနှစ်၊ အာဏာသိမ်းပြီးနောက်ပိုင်း တွေ့ရှိရသော ဆန္ဒထုတ်ဖော်မှု အမျိုးအစားများတွင် လူစုလူဝေးပြုလုပ်ခြင်း၊ ဆန္ဒပြခြင်း၊ ဆန္ဒထုတ်ဖော်ခြင်း၊ သပိတ်များ၊ စီတန်းလမ်းလျှောက်ခြင်းများနှင့် အွန်လိုင်းပေါ်မှ စုရုံးခြင်း၊ အွန်လိုင်းကမ်ပိန်းများ ပြုလုပ်ခြင်းကို တွေ့ရှိရသည်။ အာဏာသိမ်းပြီး ဆန္ဒပြပွဲများ၏ (၉၉%) ရာခိုင်နှုန်းသည် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သော ဆန္ဒထုတ်ဖော်မှုများဖြစ်ပြီး လူမှုစီးပွားဆိုင်ရာ ဆန္ဒထုတ်ဖော်မှု အကြောင်းအရာ (၃) ခု၊ စစ်တပ်ထောက်ခံ ဆန္ဒပြပွဲအချို့နှင့် ဆူပူအကြမ်းဖက်မှုဆန်သော ဆန္ဒပြပွဲအချို့အား လေ့လာတွေ့ရှိသည်။

စစ်အုပ်စု၏ ပြည်သူ့အာဏာကိုမတရားသဖြင့် သိမ်းယူမှုအား နယ်ပယ်အသီးသီးမှ နိုင်ငံ့ဝန်ထမ်းများက နည်းလမ်းပေါင်းစုံဖြင့် ဆန့်ကျင်တော်လှန်ခဲ့ကြပေသည်။ စစ်အာဏာရှင်စနစ်ဆန့်ကျင်သည့် သံပုံးတီးကမ်ပိန်းကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်နေ့တွင် စတင်ခဲ့ပြီး ဖဲကြိုးနီကမ်ပိန်းကို ဖေဖော်ဝါရီလ (၃) ရက်နေ့တွင် စတင်လှုပ်ရှားခဲ့ကြသည်။



ဖေဖော်ဝါရီ၊ ၂၂၊ ၂၀၂၁၊ ဆူးလေ၊ (၂) ငါးလုံးနေ့ဆန္ဒပြပွဲ။

ဖေဖော်ဝါရီလ (၄) ရက်နေ့တွင် မန္တလေးမြို့၌ ဒေါက်တာတေဇာဆန်းဦးဆောင်သော ဆန္ဒပြမှုအပြင် ရန်ကုန်နှင့် တနင်္သာရီတိုင်းတို့တွင်လည်း ဆန္ဒပြပွဲများစတင်ခဲ့ကာ နိုင်ငံတဝန်း သန်းနှင့်ချီသော ပြည်သူလူထုမှ အာဏာသိမ်းမှုနှင့် စစ်အာဏာရှင်ဆန့်ကျင်သော လူထုလှုပ်ရှားမှုများကို နည်းအမျိုးမျိုးဖြင့် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်မှုများ ပြုလုပ်ခဲ့သည်။ ထိုကဲ့သို့ လူထုလှုပ်ရှားမှုများ ပေါ်ပေါက်လာသည်နှင့် တပြိုက်နက် အကြမ်းဖက်စစ်တပ်မှ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ဆန္ဒပြသော လက်နက်မဲ့ပြည်သူများအား မမျှတသည့် နည်းလမ်းမျိုးစုံဖြင့် အကြမ်းဖက်ဖြိုခွင်းမှုများ ပြုလုပ်လာပြီး နောက်ပိုင်းတွင် ဖမ်းဆီး၊ ရိုက်နှက်ခြင်းနှင့် ကျည်အစစ်များအသုံးပြု၍ ပစ်ခတ်ဖြိုခွင်းခြင်း အစရှိသည့် အကြမ်းဖက်လုပ်ရပ်များကိုပါ ဆက်တိုက် ပေါ်ပေါ်ထင်ထင်ကျူးလွန်လာကြောင်းကိုလည်း တွေ့ရှိရသည်။



ရန်ကုန်မြို့ ပြောက်ကျားသပိတ်တစ်ခု

လေ့လာတွေ့ရှိချက်များအရ မတ်လအတွင်း ငြိမ်းချမ်းစွာဆန္ဒပြသူ ပြည်သူများအား အကြမ်းဖက် သတ်ဖြတ်၊ ဖမ်းဆီးခြင်းများကို စစ်အာဏာရှင်လက်အောက်ခံ အကြမ်းဖက်စစ်သားနှင့် ရဲများမှ အများဆုံးကျူးလွန်ခဲ့သော်လည်း မတ်လအကုန် ဧပြီလဆန်းပိုင်းထိ သန်းနှင့်ချီသော ပြည်သူထုတရပ်လုံး၏ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ပွဲများ၊ သပိတ်ပွဲများကို နိုင်ငံအနှံ့ ကျယ်ကျယ်ပြန့်ပြန့်တွေ့ရှိရသည်။ ထို့နောက် မတ်လ (၂၇) ရက် နောက်ပိုင်းမှစ၍ စစ်တပ်၏ ရက်စက်သော အကြမ်းဖက်ဖြိုခွင်းမှုများကြောင့် လူထုဆန္ဒထုတ်ဖော်သည့်သပိတ်များ လျော့နည်းလာပြီး မြို့ပြပြောက်ကျားသပိတ်များ စတင်လာခဲ့သည်။ *“မတ်လ ၂၉ ရက်နေ့နောက်ပိုင်းမှာ မြို့နယ်အထိုင်သပိတ်တွေ အကုန်လုံးဖြိုခံရပြီးတဲ့ နောက်ပိုင်းမှာ ကျွန်တော်တို့ ပြောက်ကျားသပိတ်တွေစပြီး ပုံဖော်ခဲ့ကြတယ်။ အဲ့ဟာကို ဧပြီလ(၃၀) ရက်နေ့မှာ စပြီးတော့ ပုံဖော်ခဲ့ကြတယ်”* ဟု မြို့ပြပြောက်ကျားသပိတ်များတွင် ဦးဆောင်ပါဝင်လျှက်သော သပိတ်ခေါင်းဆောင် လူငယ်တစ်ဦးမှ ဖြေဆိုခဲ့သည်။ ထို့အပြင် သပိတ်ကော်မတီအဖွဲ့ဝင်တစ်ဦးမှလည်း ပြောက်ကျားသပိတ်များ စတင်ဖြစ်ပေါ်လာခဲ့ပုံနှင့် ယနေ့အချိန်တိုင် အာဏာသိမ်းခြင်းအားဆန့်ကျင်သည့် လူထုဆန္ဒထုတ်ဖော်သော ပြောက်ကျားသပိတ်များ ဆက်လက် ပြုလုပ်နေလျှက်ကြောင်း ပြောကြားခဲ့သည်။

*“မှတ်မှတ်ရရ လှုပ်ရှားမှုတွေပြန်ပြီးတော့မှ ပေါ်လာတာကတော့ ဒီဧပြီလ... ကျွန်တော်ရက်တော့အတိအကျ မမှတ်မိဘူး။ ဧပြီ (၂၅၊ ၂၆) လောက်ဖြစ်မယ်ထင်တယ်။ ရန်ကုန်မြို့လယ်မှာ ဒီ“ဘာတွေလဲရန်ကုန်သားတွေ” ဆိုတဲ့ခေါင်းစဉ်နဲ့ ကျွန်တော်တို့ စပြီးပြောက်ကျားသပိတ်ပြန်လုပ်ကြတယ်။ အဲ့ကနေစပြီးတော့မှ ပြောက်ကျားသပိတ်တွေ အပတ်စဉ်လောက်နီးနီး အစုအဖွဲ့ပေါင်းစုံက လုပ်ကြတယ်။ တခြားနာမည်တွေနဲ့လည်း ရှိတယ်။ ဧပြီ (၂၅) လောက်ကပေါ်လာတဲ့ ပြောက်ကျားသပိတ်တွေရဲ့ အရှိန်နဲ့အခုထိ ကျွန်တော်တို့ ဒါဆက်သွားနေဆဲဖြစ်တယ်... ခုထိပြောက်ကျားသပိတ်တွေက ရန်ကုန်မှာရှိနေတုန်းပဲ”* ဟုပြောကြားခဲ့သည်။

# (၁.၃) ဆူပူအကြမ်းဖက်မှုပုံစံဆောင်သော ဆန္ဒပြပွဲများ

စစ်အာဏာသိမ်းခြင်းကို ဆန့်ကျင်ဆန္ဒပြပွဲများနှင့်အတူ အာဏာသိမ်းခြင်းကိုထောက်ခံပြီး လူစုလူဝေးပြုလုပ်ခြင်းများ၊ ဆန္ဒထုတ်ဖော်ခြင်းများကိုလည်း တွေ့ရသည်။ ထိုဆန္ဒထုတ်ဖော်မှုများကို စစ်တပ်ထောက်ခံသူ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများနှင့် အမျိုးသားရေးအစွန်းရောက်ဟု သတ်မှတ်ကြသည့် အမျိုး၊ဘာသာ၊ သာသနာ စောင့်ရှောက်ရေးအသင်း (မဘသ)များမှ ဦးဆောင်ပြုလုပ်လေ့ရှိပြီး ထိုကဲ့သို့သော ဆန္ဒပြပွဲအချို့တွင် ငြိမ်းချမ်းစွာ ပြုမူဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ ဆူပူအကြမ်းဖက်မှု ပုံစံဆောင်သော လှုပ်ရှားမှုများကိုလည်း လေ့လာတွေ့ရှိရသည်။ ဖြစ်စဉ်လေ့လာချက်အနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ (၁) ရက်နေ့ ရန်ကုန်မြို့တော်ခန်းမရှေ့တွင် စစ်တပ်အာဏာသိမ်းမှု ထောက်ခံကြောင်း ဆန္ဒပြလှုပ်ရှားမှုကို သွားရောက်သတင်းယူသည့် သတင်းထောက် (၂) ဦးကို စစ်တပ်ထောက်ခံသူလူအုပ်က ရိုက်နှက်ခဲ့ပြီး တစ်ဦးဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။[2] ရန်ကုန်မြို့တွင် စစ်တပ်ထောက်ခံဆန္ဒပြသူများသည် တုတ်၊ ဓား၊ လေးခွများ ကိုင်ဆောင်ကာ ဆန္ဒပြကြပြီး လမ်းဘေးရှိသာမာန်ပြည်သူများ၊ ၎င်းတို့ကို တန်ပြန်ဆန္ဒပြသည့်သူများကို ကိုင်စွဲလာသည့် လက်နက်များဖြင့် အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် ဖြစ်ရပ်ကိုလည်းတွေ့ရသည်။

ရဲတပ်ဖွဲ့ကလည်း ၎င်းတို့ဆန္ဒပြရာ လမ်းတလျှောက်တွင် လုံခြုံရေးအကာအရံများကို ဖယ်ရှားပေးကြသည်။ ထို့အပြင် ကားမှန်များကိုပါ ရိုက်ခွဲကာ လမ်းဘေးဈေးသည်များထံမှ လုယက်ယူငင်ခြင်းများလည်း လုပ်ဆောင်ကြသည်။ ပြည်သူများက ၎င်းတို့ကို သံပုံးတီး၍သော်လည်းကောင်း၊ လက်သုံးချောင်းထောင်၍ သော်လည်းကောင်း တန်ပြန်ဆန္ဒပြလျှင် လေးခွများဖြင့်ပစ်ပြီး ပြည်သူများကလည်း သူတပြန်ကိုယ်တပြန်ခဲဖြင့် ပြန်လည်ပစ်ပေါက်ကြသည့် ဖြစ်စဉ်များကိုတွေ့ရသည်။ ထိုပဋိပက္ခအတွင်း ရပ်ကွက်နေသာမာန်ပြည်သူ (၁၀ ) ဦးထက်မနည်းထိခိုက်ဒဏ်ရာ ရခဲ့သည်။[3] ထို့ပြင်၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ (၁၄) ရက်နေ့တွင် ဧရာဝတီတိုင်း၊ ပုသိမ်မြို့၌ တပ်ထောက်ခံပွဲကို လူအင်အား (၂၀၀၀) ဝန်းကျင်ခန့်ဖြင့် ပြုလုပ်ခဲ့ပြီး လူစုခွဲပြီးပြန်အလာတွင် ဆိုင်ကယ်စီးလာသည့် လူငယ် ၄ ဦး က လက်သုံးချောင်းထောင်ပြသဖြင့် ကား (၆) စီးပေါ်မှလူများ ဆင်းလာကာ ရိုက်နှက်ကန်ကျောက်ခဲ့ကြသည်။ ဤဖြစ်ရပ်ကိုမြင်လိုက်သည့် လမ်းသွားလမ်းလာတစ်ဦးက *“ကျွန်တော်တို့က ကားနဲ့အိမ်ပြန်တာဗျ တပ်ထောက်ခံပွဲက ပြန်လာတဲ့ ကား (၆) စီးလောက်က ကျွန်တော်တို့ကားရှေ့မှာရပ်လိုက်တယ် ကားပေါ်ကလူတွေက ပြေးဆင်းပြီးတော့ ဆိုင်ကယ်နဲ့ကောင်လေးတွေကို ဝိုင်းရိုက်နေတာဗျ ကျွန်တော်တို့ကားတွေ ရပ်လိုက်တော့ သူတို့အကုန်မောင်းထွက်သွားတယ်။ နောက်ထပ်ဆိုင်ကယ်တစ်စီး ထပ်ရောက်လာပြီး ထပ်ရိုက်တာဗျ ကောင်လေး ၃ယောက်ကတော့ ပြေးလို့လွတ်သွားတယ် ကျန်ခဲ့တဲ့တစ်ယောက်ကို နောက်ထပ်ရောက်လာတဲ့ ဆိုင်ကယ်နဲ့နှစ်ယောက်က တစ်ယောက်က ဆံပင်ဆွဲ တစ်ယောက်က ဗီဒီယိုရိုက်ပြီး မင်းဘာဖြစ်လို့ ငါတို့ကားတွေကို လက်သုံးချောင်းထောင်ပြတာလဲလို့အော်မေးနေကြတာပါ”* ဟု မဇ္ဈိမသတင်းဌာနကို ပြောဆိုချက်အရ သိရသည်။[4]

# (၁.၄) စီးပွားရေးဆိုင်ရာ ဆန္ဒပြပွဲများ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ မှ ၂၀၂၂ ခုနှစ် စက်တင်ဘာလအထိ ဆန္ဒပြပွဲများတွင် လူမှုစီးပွားနှင့် သက်ဆိုင်သော ဆန္ဒပြသည့်အကြောင်းအရာ (၃) ခုသာ ရှိခဲ့ပြီး ၎င်းတို့မှာ Food Panda Rider Strike၊ ဇေကမ္ဘာဝန်းအတွင်းရှိ ADK အထည်ချုပ်စက်ရုံအလုပ်သမားများ၏ ဆန္ဒထုတ်ဖော်မှု နှင့် PMG ပုလင်းသန့်စင်စက်ရုံမှ အလုပ်သမားများ ရက်မှန်ကြေးရရှိရေးအတွက် သပိတ်မှောက်တောင်းဆိုမှုတို့ဖြစ်သည်။

[2]အာဏာသိမ်းထောက်ခံဆန္ဒပြပွဲ သတင်းယူသူ သတင်းသမားနှစ်ဦး ရိုက်နှက်ခံရ. (2021 February 1). VOA Burmese https://burmese.voanews.com/a/journalists-attacked-myanmar-politics/5759585.html

[3]အကြမ်းဖက် တိုက်ခိုက်လုယက်မှု ကျူးလွန်ခဲ့တဲ့ တပ်ထောက်ခံသူတွေရဲ့ ဆန္ဒပြပွဲ. (2021 February 26.) The Irrawaddy. https://burma.irrawaddy.com/news/2021/02/26/238625.html

[4]လက်သုံးချောင်းထောင်ပြသော ဆိုင်ကယ်နှစ်စီးနှင့် လူငယ်လေးဦးအား တပ်မတော်ထောက်ခံပွဲမှ ပြန်လာသောကားခြောက်စီးမှလူတချို့ ဝိုင်းဝန်းရိုက်နှက်. (2021 February 14). Mizzima Burmese. https://www.facebook.com/MizzimaDaily/posts/4096792653688942/

# ဖြစ်စဉ်လေ့လာချက်

## ဖြစ်စဉ် (၁)

၂၀၂၂ခုနှစ်၊မတ်လလယ်မှစ၍ Food Panda ကုမ္ပဏီမှ Food Panda rider များအပေါ် ခေါက်ကြေးများ လျှော့ချခြင်း၊ခေါင်းပုံဖြတ်ခြင်းတို့ကြောင့် rider များမှ အလုပ်မဆင်းဘဲ သပိတ်မှောက်ခဲ့ကြသည်။ Food Panda rider များမှ ကုမ္ပဏီအား အချက် (၈) ချက်တောင်းဆိုခဲ့ပြီးငင်းတို့မှာအနည်းဆုံးလုပ်အားခငွေအား (၆၇၀)ကျပ်မှစတင်ပြီးပို့ဆောင်ရမည့်ခရီးအကွာအဝေးအပေါ်မူတည်၍ တိုးမြှင့်ပေးရန်၊ အဆင့်သတ်မှတ်ချက်နှင့် အညီတိုးမြှင့်ပေးရန်၊ ကွန်ပျူတာဆော့ဖ်ဝဲစနစ်ဖြင့် ထိန်းချုပ်ထားသည့် စည်းကမ်းများအား လျှော့ချရန်၊ rider များ၏ လုပ်ငန်းခွင်အတွင်း ထိခိုက်နစ်နာမှုများရှိပါက ကုမ္ပဏီမှတာဝန်ယူဆောင်ရွက်ပေးရန်၊ တစ်ပတ်လျှင်တစ်ရက် အပြည့်အဝ နားခွင့်ရရန်၊ ခရီးအကွာအဝေးသတ်မှတ်ရာတွင် Google Map ဖြင့်တိုင်းတာ၍ သယ်ယူသွားလာရသည့် အကွာအဝေးတွက်ချက်မှုများကိုလည်း Google Map အတိုင်းတွက်ချက်ပေးရန်၊ ကုမ္ပဏီမှ ထုတ်ပြန်လိုသည့် အကြောင်းအရာများအား တရားဝင်သတ်မှတ်ထားသည့် Social Media နှင့် Telegram Channel များမှတဆင့် တစ်ပတ်ကြိုတင် ထုတ်ပြန်ပေးရန်၊ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ကုမ္ပဏီနှင့်တိုက်ရိုက်ဆက်သွယ်နိုင်မည့် HotLine ဖုန်းနံပါတ်ထားရှိပေးရန်နှင့် Riders သက်သေခံကဒ်များထုတ်ပေးရန်တို့ဖြစ်သည်။[5] စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်တပ်မှ ရမ်းသမ်းဖမ်းဆီးမှုများတွင် Food Panda rider များလည်း ပါဝင်ခဲ့ပြီး မှားယွင်းဖမ်းဆီးခံရခြင်း၊ ရိုက်နှက်ခံရခြင်းနှင့် ထောင်ချခံရခြင်းများအပြင် customer များ၏ ပစ္စည်းများအားလည်း အကြမ်းဖက်လက်နက်ပြ လုယူခံရခြင်းများ ကြုံတွေ့ရကြောင်း တွေ့ရသည်။



ဖေဖော်ဝါရီလ၊ ၈ရက်၊ ၂၀၂၁ခုနှစ် လှည်းတန်း တွင်ပြုလုပ်ခဲ့သည့် ဆန္ဒပြပွဲမှ Food Panda ဝန်ထမ်းများ လက်(၃)ချောင်းထောင်နေပုံ။

## ဖြစ်စဉ် (၂)

၂၀၂၂ ခုနှစ် ဇူလိုင်လ (၇) ရက်နေ့တွင် ရန်ကုန်တိုင်း၊ ဖေကမ္ဘာစက်ရုံ ဝင်းအတွင်းရှိ ADK အထည်ချုပ်စက်ရုံက အလုပ်သမား (၂၀၀၀)ခန့် နေ့စဉ်လုပ်ခ တိုးပေးရန်၊ ထုတ်လုပ်မှု ဆုကြေးနှင့် ကျွမ်းကျင်မှု ဆုကြေးတိုးပေးရန်၊ ဆန္ဒပြခဲ့ကြသည်။ ထို့အပြင် တနင်္ဂနွေနေ့ကို ပိတ်ရက်အဖြစ် သတ်မှတ်ပေးရန်၊ ထိုနေ့တွင် အစားထိုး အလုပ်မဆင်းခိုင်းရန်၊ အလုပ်သမားများ၏ ဆေးခွင့်၊ လူမှုရေးခွင့်များ ခံစားခွင့်ပေးသည့်အနေဖြင့် အလုပ်ပျက်ရက်များတွင် လစာမဖြတ်ရန် စသည့် အချက် (၁၀) ချက်ကို တောင်းဆိုခဲ့ကြသည်။ ADK အထည်ချုပ် စက်ရုံတွင် အထည်ချုပ်အလုပ်သမား (၇၀၀၀) နီးပါး လုပ်ကိုင်နေပြီး နိုင်ငံတကာ အားကစား အမှတ်တံဆိပ်တစ်ခုဖြစ်သည့် CRIVIT တံဆိပ်နှင့် သားမွေးအနွေးထည်များကို အဓိကထား ချုပ်လုပ်နေခြင်းဖြစ်သည်။[6]

[6]ဖေကမ္ဘာစက်ရုံဝင်းအတွင်း အထည်ချုပ် အလုပ်သမား ထောင်ချီဆန္ဒပြ. (2022, July 7). Radio Free Asia. https://www.rfa.org/burmese/news/workers-protest-in-yangon-07072022104437.html

[5]Food Panda Riders များ အလုပ်မဆင်းဘဲ ဆက်လက်သပိတ်မှောက်မည်. (2022, June 10). Democratic Voice of Burma. https://burmese.dvb.no/archives/537848



ဖေဖော်ဝါရီလ ၆ရက်၊ ၂၀၂၁ ပထမဦးဆုံး လူအုပ်စုလိုက် ဆန္ဒပြပွဲတွင်ပါဝင်ရန် စုရုံးနေကြသည့် အထည်ချုပ်စက်ရုံလုပ်သားများ။

# (၁.၅) မိမိကိုယ်ကို မီးရှို့ဆန္ဒပြမှု

၂၀၂၂ခုနှစ်၊ဖေဖော်ဝါရီလ(၁)ရက်နေ့၊အာဏာသိမ်းမှု(၁)နှစ်ပြည့်သည့်နေ့မှာပင်မန္တလေးတိုင်း၊ကျောက်ပန်းတောင်းမြို့နေပြည်သူတစ်ဦးဖြစ်သည့် ဦးအောင်အောင်သည် မြင်းခြံ-ကျောက်ပန်းတောင်း လမ်းမပေါ်ရှိ လျှပ်စစ်ရုံးရှေ့တွင် မိမိကိုယ်ကိုမီးရှို့ပြီး ဆန္ဒပြခဲ့သည်။ မသေဆုံးခင်တွင် ဦးအောင်အောင်သည် *"၂၄ နာရီလုံး အများပြည်သူ+သား မီးလင်းပါစေ၊ ၂၀၀၁၊ ၂၀၀၂ပြန်မသွား"*ဆိုသည့်စာရွက်ကိုကိုင်ဆောင်ရင်းဆန္ဒပြခဲ့ခြင်းဖြစ်သည်။[7] မိမိကိုယ်ကိုမီးရှို့၍အသက်ပေးဆန္ဒပြခဲ့သော ဦးအောင်အောင်၏ သတင်းသည် ပြည်တွင်းမီဒီယာများတွင်သာ ဖော်ပြခြင်းခံခဲ့ရပြီး ကမ္ဘာ့သတင်းမီဒီယာများတွင် ဖော်ပြခြင်းမခံခဲ့ရပေ။

# (၁.၆) ငြိမ်းချမ်းစွာဆန္ဒပြခြင်းနှင့် အမျိုးသမီးများ၊ LGBTQIA+ များ၏ အခန်းကဏ္ဍ




မြန်မာ့နွေဦးတော်လှန်ရေးတွင် ပထမဦးဆုံး အသက်ပေးသွားရသူမှာ အမျိုးသမီးတစ်ဦးဖြစ်ပြီး စစ်တပ်၏ ရက်စက်စွာ ပစ်သတ်မှုကြောင့် ဖေဖော်ဝါရီ (၉) ရက်နေ့၊ နေပြည်တော်မြို့လယ် သပြေကုန်းအဝိုင်း ဆန္ဒပြပွဲတွင် ပစ်ခတ်ခံခဲ့ရပြီး brain dead (ဦးနှောက်သေခြင်း) ဖြစ်သွားကာ ဖေဖော်ဝါရီလ (၁၉) ရက်နေ့တွင် အသက်သေဆုံးခဲ့သည်။


"Everything will be okay" စာတမ်းပါ အင်္ကျီကို ဝတ်ဆင်ခဲ့သော အသက် (၁၉) နှစ်အရွယ် မကြယ်စင်သည် မန္တလေးမြို့၌ မတ်လ (၃) ရက်နေ့ တွင် ငြိမ်းချမ်းစွာ ဆန္ဒပြနေစဉ် ဦးခေါင်းတည့်တည့်ပစ်သတ်ခံရ၍ အသက်သေဆုံးခဲ့သည်။ ၂၀၂၁ ခုနှစ်၊ မတ်လ (၈) ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမျိုးသမီးများဦးဆောင်ကာ ထဘီအလံလွှင့်ထူ၍ စစ်အာဏာရှင်အား ဆန့်ကျင် ဆန္ဒပြခဲ့ကြသည်။[8] ထဘီအလံ၊ ထဘီသပိတ်သည် တော်လှန်ရေးအတွင်း အမျိုးသမီးများ၏ ရဲစွမ်းသတ္တိအား ဖော်ကျူးပုံဖော်သကဲ့သို့ ထဘီအား ဘုန်းနိမ့်သည်ဟု အယူသီးသော ရှေးရိုးစွဲအတွေးအခေါ်ကိုပါ တော်လှန်အလံထူနိုင်ခဲ့သည့် သပိတ်တစ်ခုဖြစ်ခဲ့သည်။

[7] မောင်ရွှေဝါ, (2022, February 1). ကျောက်ပန်းတောင်းတွင် ကိုယ့်ကိုယ်ကိုယ်မီးရှို့၍ စစ်ကောင်စီကို ဆန္ဒပြ. Myanmar Now. https://www.myanmar-now.net/mm/news/10295?width=500&height=500&inline=true

[8] စစ်အာဏာရှင် ဆန့်ကျင်ရေး အမျိုးသမီးတို့၏ ထဘီအလံထူ သပိတ်တိုက်ပွဲ. (2021, March 8). Irrawaddy. https://burma.irrawaddy.com/news/2021/03/08/239157.html

ထိုနည်းတူစွာ ယနေ့၂၀၂၁ခုနှစ် အာဏာသိမ်းစအချိန်မှစ၍ အယူသည်းသည့် မြန်မာ့လူ့အဖွဲ့အစည်းနှင့် ယိုယွင်းပျက်စီးနေသည့် နိုင်ငံရေးစနစ်အောက်တွင် ဖိနှိပ်ခွဲခြားဆက်ဆံမှုများကို အစဥ်တစိုက်ခံကြရသည့် LGBTQIA အစုအဖွဲ့များသည် ရဲရဲဝံ့ဝံ့ စစ်အာဏာရှင်ဆန့်ကျင်အမြစ်ဖြုတ်ရေး ကြိုးပမ်းရာတွင် ရရာနည်းဖြင့်ပါဝင်ကြသည်။ ဆန္ဒပြပွဲများအတွင်း အမျိုးသမီး၊ LGBTQIA များပါဝင်မှု၊ အမျိုးသမီးများဦးဆောင်သည့် သပိတ်စစ်ကြောင်းများ၊ LGBTQIA များဦးဆောင်ချီတက်သည့် သပိတ်များသည် လူထုလှုပ်ရှားမှုအစပျိုး အားကောင်းခဲ့သည့်ကာလမှ ယနေ့တိုင် လှုပ်ရှားနေကြဆဲဖြစ်ကြောင်း တွေ့ရှိရသည်။

## (၁.၇) ငြိမ်းချမ်းစွာဆန္ဒပြခြင်းနှင့် သံဃာတော်များ၏ အခန်းကဏ္ဍ




သတင်းရင်းမြစ်- နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း

စစ်အာဏာသိမ်းခြင်းကို ဆန့်ကျင်ကြောင်း တခဲနက် ဆန္ဒထုတ်ဖော်မှုများကိုလေ့လာရာတွင် ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးသောအခန်းတွင် ပါဝင်သည်။ ၂၀၂၁ ခုနှစ် မတ်လ (၈) ရက်နေ့ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် စစ်အာဏာရှင်ဆန့်ကျင်ရေး လမ်းပေါ်ထွက် ဆန္ဒပြသည့် လူထုအား မဖြိုခွဲရန် ခရစ်ရန် ဘုန်းတော်ကြီးများနှင့် သီလရှင်မှ စစ်တပ်နှင့် ရဲအား ဒူးထောက်တောင်းပန်ခဲ့သည်။ထို့အတူ တရားမျှတမှုကို မြှင့်တင်ဖော်ဆောင်ရာတွင် ရဟန်းသံဃာတော်များသည်လည်း အဓိကအခန်းကဏ္ဍမှပါဝင်ခဲ့သည်။ မြန်မာနိုင်ငံ၏ အာဏာရှင် ဆန့်ကျင်တော်လှန်ရေးသမိုင်းနှင့် ဒီမိုကရေစီ ခရီးတလျှောက်လုံးတွင် သံဃာတော်များသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လေ့ရှိသည့်အတွက် စစ်တပ်၏ အကြိမ်ကြိမ် ဖမ်းဆီးချုပ်နှောင်ခြင်း၊ သပ်လျှိုဝင်ရောက်တိုက်ခိုက်ခြင်း၊ ညှဥ်းပမ်းနှိပ်စက်ခြင်းနှင့် ထောင်သွင်းအကျဥ်းချခြင်းများ ခံရလေ့ရှိသည်။ မြဝတီဆရာတော် အရှင်အရိယာဝံသာဘိဝံသ ၊ အရှင်သောဘိတ (အလင်္ကာကြယ်)နှင့် ရွှေညဝါ ဆရာတော်သုံးပါးတို့သည် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် စစ်တပ်၏ အာဏာသိမ်းမှုဖြစ်စဥ်၌ ရန်ကုန်နှင့်မန္တလေးတို့တွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။ အရှင်သောဘိတသည် ထောင်ဒဏ် (၂)နှစ် ချမှတ်ခံခဲ့ရသည်။ စစ်တပ်၏ ကနဦးကြိုးပမ်းမှုဖြစ်သည့် အာဏာသိမ်းမှုကို ဆန့်ကျင်သော တက်ကြွလှုပ်ရှားသူများ၊ အနုပညာရှင်များနှင့် ဘာသာရေးခေါင်းဆောင်များကို ဖမ်းဆီးမှုတွင် သံဃာတော်များအား ဖမ်းဆီးမှုလည်း ပါဝင်ခဲ့သည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဖမ်းဆီးခံရသည့် သံဃာတော်အရေအတွက် (၆၁) ဦးရှိပြီး ရာဇသတ်ကြီးပုဒ်မ (၅၀၅-က) ဖြင့် အမိန့်ချခံရသည့် ဦးရေ (၁၁) ဦးရှိကာ အများဆုံး ထောင်ဒဏ် (၄) နှစ်ထိချမှတ်ခံထားရသည်။

# ဖြစ်စဉ်လေ့လာချက်

ယခင်အစိုးရလက်ထက်တွင် စစ်တပ်အား ဝေဖန်ပြောဆိုခဲ့သဖြင့် ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆ (ဃ) ဖြင့် (၂) နှစ်ကြာ စစ်ဆေးခံနေရသည့် ဆရာတော် အရှင်သောဘိတ (အလင်္ကာကြယ်)ကို ဖေဖော်ဝါရီ (၁) ရက်နေ့ မနက်တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်တွင် ၎င်းသီတင်းသုံးနေစဉ် စစ်သားနှင့် ရဲများက ဘုန်းကြီးကျောင်းဝင်းတံခါး ရိုက်ဖျက်၍ ကျောင်းထဲဝင်ရောက်ကာ လက်ထိတ်ခတ်ဖမ်းဆီးခဲ့ကြသည်။[9]

၂၀၂၁ ခုနှစ်၊ မေလ (၂၈) ရက်နေ့တွင် လမ်းပေါ်ထွက် ဆန့်ကျင်ဆန္ဒပြနေသည့် မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်မှ စာချဆရာတော် အရှင်ရာဇိန္ဒကို အာဏာသိမ်းစစ်တပ်၏ တပ်သားများက ကားဖြင့် ဝင်တိုက်ကာ ဖမ်းဆီးသွားခဲ့သည်။ ဆရာတော်အား စစ်သား (၃) ယောက်မှ ဦးခေါင်းအား အချက်ပေါင်းများစွာရိုက်၍ ဖမ်းဆီးသွားခဲ့ပြီးနောက် လူဝတ်လဲစေကာ နန်းတွင်းစစ်ကြောရေးစခန်းသို့ ပို့ဆောင်ခဲ့သည်။ နန်းတွင်းစစ်ကြောရေးတွင် စစ်ဆေးပုံကို ဆရာတော်မှ Myanmar Now နှင့် အင်တာဗျူးတွင် *"ပထမဆုံး ဆောင့်ကြောင့်ထိုင်ခိုင်းတယ်။ လက်နှစ်ဖက်ကို ခေါင်းပေါ်တင်ခိုင်းပြီးတော့ ဖားခုန် ခုန်သွားခိုင်းတယ်။ တစ်နေကုန်လုံးပူထားတဲ့ ကတ္တရာလမ်းပေါ်မှာ ဒူးထောက်ပြီးတော့ လက်နှစ်ဖက် ခေါင်းပေါ်တင်ထားခိုင်းပြီး ဒူးကို အားပြုပြီးတော့ ဒရောသောပါးသွားရတယ်ဆိုတော့ မြင်ကြည့်လိုက်ပေါ့၊ ဘယ်လောက်အထိ နာကျင်မလဲဆိုတာ၊ မိနစ် ၃၀ လောက်ကြာတယ်၊ ဦးဇင်းတို့ကို ထားမယ့်အဆောင်ကို ရောက်တဲ့အထိ။ သွားခဲ့ရတဲ့အချိန်မှာလည်း နေ့းတယ်ဆိုရင် နောက်ကနေ ရိုက်တယ်"* ဟု မိန့်ခဲ့သည်။

မန္တလေးမြို့၊ သံဃာသပိတ်စစ်ကြောင်းတွင် ပါဝင်လေ့ရှိသော ဆရာတော် ဦးသိရိနန္ဒ၊ ဦးဝိလာသ၊ ဦးသုစိတ္တ၊ ဦးရေဝတနှင့် ဦးဝီရိယဓမ္မတို့သည် ၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်အတွင်း ဆန္ဒပြနေစဉ် စစ်သားများမှ အိမ်စီးကားဖြင့်တိုက်ကာ အဖမ်းခံခဲ့ရပြီး ရာဇသတ်ကြီးပုဒ်မ (၅၀၅-က) ဖြင့် ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် ထောင်ဒဏ် (၃) နှစ်ချမှတ်ခံခဲ့ရသည်။[10] အမျိုး၊ ဘာသာ၊ သာသနာ စောင့်ရှောက်သည်ဟု ကြွေးကြော်လေ့ရှိသော အာဏာသိမ်းစစ်ခေါင်းဆောင်များသည် ၎င်းတို့အား ဆန့်ကျင်သည့် မည်သည့်လူပုဂ္ဂိုလ်၊ ရဟန်းကိုမဆို ရက်စက်စွာဖိနှိပ်၊ သတ်ဖြတ်လေ့ရှိသည်။ အာဏာသိမ်းပြီးနောက်ပိုင်း စစ်တပ်မှ ဘုန်းကြီးကျောင်းများအား ဝင်စီးကာ ပစ်ခတ်ခြင်းများကြောင့် အနည်းဆုံး ဘုန်းကြီး (၅) ပါးသေဆုံးပြီးဖြစ်သည်။




စစ်တပ်ရဲ့ အာဏာသိမ်းမှုကို ဆန့်ကျင်သော ဆန္ဒပြ၊ သပိတ်စစ်ကြောင်းတခုကို ဖေဖော်ဝါရီလ ၁၀ ရက်နေ့ ၂၀၂၁ က ရန်ကုန်မြို့ ကုလသမဂ္ဂ ရုံးအနီးတွင် တန်းစီးလှည့်လည် ဆန္ဒပြနေပုံ။

[9] စစ်ကောင်စီပါးစပ်က ဘုရားဘုရား၊ လက်က ကားယားကားယား. (2021, July 26). Myanmar Now. https://www.myanmar-now.org/mm/news/7584

[10] ibid.

# (၁.၈) ထောင်တွင်းဆန္ဒပြမှုများနှင့် ဖိနှိပ်မှုများ

စစ်အာဏာရှင်အားဆန့်ကျင်သည့် ဆန္ဒပြပွဲများကို နိုင်ငံတဝန်း နေရာအနှံ့တွေ့ရသည့်အပြင် အကျဉ်းထောင်များအတွင်းတွင်လည်း နိုင်ငံရေးအကျဉ်းသားများ၏ အာဏာရှင်အန်တုသည့် ဆန္ဒထုတ်ဖော်မှုများကို တွေ့ရသည်။ ၂၀၂၁ခုနှစ် နှစ်လယ်ပိုင်း ကာလတွင် မြန်မာပြည်တွင်း၌ ကိုဗစ်တတိယလှိုင်းပြင်းထန်ခဲ့စဉ် ထောင်တွင်းအကျဉ်းသားများ ကူးစက်မှုနှင့် ရောဂါအခြေအနေ ဆိုးရွားနေသည်ကို အာဏာပိုင်များမှ လျစ်လျူရှုထားခြင်း၊ အကျဉ်းဦးစီးဌာနရှိ ဝန်ထမ်းများအတွက်လည်း ကျန်းမာရေး စောင့်ရှောက်မှု မရှိခြင်း၊ စစ်ကောင်စီ၏ ဇွန်လ (၃၀) ရက်နေ့ လွတ်ငြိမ်းချမ်းသာခွင့် ပေးသော အကျဉ်းသားများထဲတွင် နိုင်ငံရေးအကျဉ်းသားများ မပါဝင်ခြင်းတို့ကြောင့် ဇူလိုင် (၂၃) ရက်နေ့တွင် အင်းစိန်ထောင်တွင်း ဆန္ဒပြခြင်း ဖြစ်ပေါ်ခဲ့သည်။ ထိုဆန္ဒထုတ်ဖော်မှုတွင် (၁) နိုင်ငံရေးအကျဉ်းသားများ အားလုံးခြွင်းချက်မရှိ လွှတ်ပေးရန်၊ (၂) ထောင်တွင်းတွင် ဆေးကုသခွင့်နှင့် ကျန်းမာရေးစောင့်ရှောက်မှု ရရှိရန် နှင့် (၃) တင်းကြပ်လွန်းသော ထောင်တွင်းစည်းမျဉ်းများအား ဖြေလျှော့ပေးရန်ဆိုသည့် အချက် ၃ ချက်အားတောင်းဆိုခဲ့ပြီး သွေးသစ္စာသီချင်းကိုလည်း ဟစ်ကြွေးခဲ့ကြသည်။ ဆန္ဒပြရာတွင် ပါဝင်သည့် နိုင်ငံရေးအကျဉ်းသားများကို စစ်ကောင်စီတပ်ဖွဲ့ဝင်တွေက ရိုက်နှက်ဖြိုခွဲပြီးနောက် ဦးဆောင်ပါဝင်ခဲ့တဲ့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂအဖွဲ့ချုပ် ဗဟိုအမှုဆောင်အဖွဲ့ဝင် ကိုဇော်ထက်နိုင် (ခေါ်) ဆစ်နိုင် နှင့် တခြား နိုင်ငံရေးအကျဉ်းသား (၂၀) အားတိုက်ပိတ်ခံထားရသည်။

ထို့နောက် ထောင်တွင်းဆန္ဒပြခြင်းများကို ခပ်စိပ်စိပ်ဖြစ်ပေါ်ခဲ့ပြီး ဖေဖော်ဝါရီ (၁) ရက်မှ (၆) ရက်နေ့အတွင်း hunger strike ခေါ် အဟာရဖြတ် အစာငတ်ခံ ဆန္ဒပြခြင်းတွင် နိုင်ငံရေးအကျဉ်းသား (၂၀၀) ခန့်ပါဝင်ခဲ့ပြီး ထောင်မှပေးသည့် အစားအသောက်တွေကို မစားဘဲ ဆန္ဒပြခဲ့ကြသည်။ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင်လည်း တနင်္သာရီတိုင်း၊ ထားဝယ်မြို့ရှိ ထားဝယ်အကျဉ်းထောင်က နိုင်ငံရေးအကျဉ်းသားများသည် ဒုတိယအကြိမ် အစာငတ်ခံဆန္ဒပြခဲ့သည်။ ဧရာဝတီတိုင်း ပုသိမ်အကျဉ်းထောင်အတွင်း ပြည်လည်စုရုံးနှစ်ခြောက်လုံး လှုပ်ရှားမှုလုပ်ဆောင်ခဲ့သည့် နိုင်ငံရေးအကျဉ်းသား (၅) ဦး တိုက်ပိတ်ပြီး နှိပ်စက်ခဲ့ကြသည်။

ဧပြီလ (၃) ရက်နေ့ မုံရွာ အကျဉ်းထောင်တွင်း ကြွေးကြော်ဆန္ဒပြမှုကြောင့် ထောင်အာဏာပိုင်များက ပစ်ခတ်ဖြိုခွဲမှုခဲ့ပြီး အကျဉ်းသား (၁) ဦးသေဆုံးပြီး (၅) ဦး ဒဏ်ရာရခဲ့သည်။ မေလ (၈) ရက်နေ့ ကရင်ပြည်နယ် ဘားအံအကျဉ်းထောင်ထဲတွင် အကျဉ်းသားတချို့ အဓမ္မ ထောင်ပြောင်းရွှေ့ခံခဲ့ရသဖြင့် ထောင်တွင်း ဆန္ဒပြခဲ့သည့် လူငယ် (၁၉) ဦး အား တိုက်ပိတ် နှိပ်စက်ခဲ့ကြောင်း တွေ့ရသည်။



ရန်ကုန်မြို့၊ အနော်ရထာလမ်းမပေါ်မှ သပိတ်တစ်ခုကိုဖြိုခွဲအပြီး ဖမ်းဆီးခံရသူ တစ်ဦးအား အချုပ်ကားအတွင်းတွေ့ရစဉ်။ ၂၀၂၁ခုနှစ်၊ မတ်လဆန်း။

၂၀၂၂ ခုနှစ် ဇွန်လ (၁၃) ရက်တွင် ရန်ကုန်မြို့၊ အင်းစိန်အကျဉ်းထောင်အတွင်း နိုင်ငံရေး အကျဉ်းသား (၁၁) ဦးမှ အစာငတ်ခံ ဆန္ဒပြခဲ့ပြီး ထောင်အာဏာပိုင်များမှ ရိုက်နှက်ကာ တိုက်ပိတ်ထားလိုက်ကြောင်းသိရသည်။ အကျဉ်းထောင်အတွင်း ထောင်တွင်းအကျဉ်းသားများ၏ အခွင့်အရေးနှင့် ပက်သက်လျှင် အစာငတ်ခံ ဆန္ဒပြခြင်းသည် အမြင့်ဆုံးအဆင့် တောင်းဆိုမှုဖြစ်သည်။[11]

[11] အင်းစိန်ထောင်အတွင်း နိုင်ငံရေး အကျဉ်းသား ၁၁ ဦး အစာငတ်ခံ ဆန္ဒပြသဖြင့် ရိုက်နှက်ပြီးတိုက်ပိတ်ခြင်းခံထားရ. (13 June, 2022). Ayeyarwaddy Times. https://www.facebook.com/508784185946254/posts/2202256276599028

# (၁.၉)စစ်ကြောရေးနှင့် ထောင်တွင်းအကြမ်းဖက်နှိပ်စက်မှု

အာဏာသိမ်းပြီးနောက် စစ်အာဏာရှင်ဆန့်ကျင်သည့် လူထုလှုပ်ရှားမှုများတွင် ဖမ်းဆီးခံရသည့် အပြစ်မဲ့ပြည်သူများအား ဥပဒေအရ အရေးယူခြင်းမရှိပဲ အကြမ်းဖက်စစ်တပ်လက်အောက်ခံ စစ်သားများမှ စစ်ကြောရေးစခန်းများသို့ အတင်းအဓမ္မပို့ဆောင်ပြီး နှိပ်စက်ညှဉ်းပမ်းမှုများစွာ ကျူးလွန်လာကြသည်။ စစ်ကြောရေးစခန်းများတွင် ဥပဒေမဲ့စွာ အကြမ်းဖက်ညှဉ်းပမ်းနှိပ်စက်နေခြင်းအား ပြန်လည်လွတ်မြောက်လာသူများ၏ ပြောဆိုချက်များနှင့် ခိုင်လုံသည့် အထောက်အထားများဖြစ်သည့် ၄င်းတို့ ခန္ဓာကိုယ်ပေါ်တွင် ကျန်ရှိနေသော ဒါဏ်ရာ၊ အမာရွတ်များကြောင့် သိရှိနိုင်သည်။ *“ခုနောက်ပိုင်း ပြောက်ကျားသပိတ်တွေလုပ်လို့ လူငယ်တစ်ယောက်ကို သူတို့ဖမ်းမိပြီဆိုလို့ရှိရင် သူတို့ထောင်တွေတရားရုံးတွေမှာ ဥပဒေအရ ရမန်တွေယူတာမျိုး၊ အမှုဖွင့်တာမျိုး၊ ဒါမျိုးတွေအရင်မလုပ်ဘဲနဲ့ သူတို့က ဒီစစ်ကြောရေးပေါ့နော်၊ သက်ဆိုင်ရာစစ်ကြောရေးကို အရင်ခေါ်သွားတယ်။ အနည်းဆုံး (၇) ရက် တစ်ပတ်ကနေပြီးတော့မှ အများဆုံး (၁၅) ရက်၊ တစ်လအထိပေါ့။ သူတို့ဖမ်းသွားတဲ့လူက ဘယ်လောက်အရေးပါတဲ့သူလဲ။ ဘယ်ကွန်ရက်တွေကို ထိစပ်ထားတဲ့သူလဲဆိုတဲ့ အပေါ်မူတည်ပြီးတော့မှ တစ်ပတ်ကနေ တစ်လထိဒီညှင်းပမ်းနှိပ်စက် စစ်ဆေးတယ်။ အဓိကက သတင်းအချက်အလက်တွေ၊ နောက်လူတွေကိုဖော်ဖို့အတွက်ပေါ့နော်။ ဆိုတော့ အဲ့စစ်ကြောရေးတွေမှာ ကျဆုံးသွားတဲ့ ရဲဘော်တွေလည်းရှိတယ်။ မကျဆုံးရင်လည်း ဒဏ်ရာဒဏ်ချက်မျိုးစုံရကြတယ်”* ဟု မြို့ပြပြောက်ကျားသပိတ်များအား ပူပေါင်းဖော်ဆောင်နေသော သပိတ်ကော်မတီအဖွဲ့ဝင်မှ အင်တာဗျူးတခုတွင် ဖြေဆိုထားသည်။

မည်သည့်အမှုဖြင့်ဖမ်းဆီးခံရသည်ဖြစ်စေ ဖမ်းဆီးခံရသောပြည်သူများသည် တရားဥပဒေအရ ရှေ့နေငှား၍ အမှုရင်ဆိုင် နိုင်သော်လည်း အကြမ်းဖက်စစ်တပ်မှ အာဏာသိမ်းပြီးနောက်ပိုင်း ဥပဒေမဲ့စွာဖမ်းဆီး၍ ထောင်ချခြင်းများ လုပ်ထုံးလုပ်နည်းများနှင့် မဆီလျော်သော ညှဉ်းပမ်းစစ်ဆေးမေးမြန်းခြင်းများအပြင် ကြိုးပေးစီရင်ခြင်းများနှင့် လက်စဖျောက်ရှင်းလင်းသတ်ဖြတ်ခြင်းများကို ကျူးလွန်နေကြောင်းဥပဒေပညာရှင်များဖြစ်ကြသောရှေ့နေများထံမှလည်း ကြားသိရသည်။ *“ဖမ်းဆီးခံရသူတွေကို သွားကူညီတဲ့အခါမှာ ကျတော်တို့ဟာ မျက်မြင်ကိုယ်တွေ့ဆိုသလို တော်တော်များများကို သူတို့ ညှဉ်းပမ်းနှိပ်စက်ထားတာကို တွေ့ရတယ်။ အမှန်တော့ ညှဉ်းပမ်းနှိပ်စက်တယ်ဆိုတဲ့စကား ရပ်ကတော့ ဒါပဲရှိလို့ ဒါကိုပဲ သုံးရတာပေါ့ဗျာ။ ပြောရရင်တော့ သူတို့ဟာ တကယ်တမ်း ထိထိရောက်ရောက်လုပ်တဲ့ သူတွေကို သတ်ပစ်ဖို့ သူတို့လုပ်နေတာပါ။ ဒီသတ်ပစ်ဖို့လုပ်တဲ့ဖြစ်စဉ်ရဲ့ process ထဲမှာပဲရှိနေတော့ ညှဉ်းပမ်းနှိပ်စက်မှုတွေဖြစ်နေတာပေါ့ဗျာ”* အကျဉ်းထောင်များနှင့် စစ်ကြောရေးစခန်းများတွင် အကြမ်းဖက်ဖမ်းဆီး၊ ထောင်ချခံထားရသော ပြည်သူများအား ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာညှဉ်းပမ်း နှိပ်စက်ခြင်းများကို စနစ်တကျ ပြုလုပ်နေသည့်အပြင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများစွာလည်း ပြုလုပ်နေသည်ကို စုံစမ်းသိရှိရသည်။ *“ဒီလိုပဲဆန္ဒပြရင်းနဲ့ ဖမ်းခံရတာပေါ့။ ဖမ်းခံရတဲ့ အချိန်မှာ… ပြောရမယ်ဆိုရင် စစ်ကြောရေးကို စရောက်တဲ့ အချိန်မှာ ရေမတိုက်ဘူး၊ ဒီတိုင်း အငတ်ထားတယ်ပေါ့ဗျာ။ နောက်ဆုံး ရေလုံးဝဆာနေတဲ့အချိန်ထိထားပြီး စစ်မေးတယ်၊ ပီးတော့ ရိုက်တယ်ပေါ့ဗျာ။ ရိုက်တဲ့ အခါမှာလည်း ဒီကြိုးလုံးတွေနဲ့ ရိုက်တယ်။ ကျောကုန်းတွေဆို စုတ်ပြတ်သတ်နေတာပဲ။ ပြီးတော့ ဒီလက်တွေကို ဓားနဲ့မွှန်းတယ်ပေါ့၊ မဖြေမချင်းမွှန်းတယ်… ဒုတိယအခေါက်ကျတော့ အိမ်ဝင်စီးခံရပြီးပါသွားတာ။ ပါသွားတဲ့အချိန်မှာ စစ်ကြောရေးမှာ စစရောက်ချင်း ဒီကောင်တွေမေးတဲ့ မေးခွန်းတွေမဖြေတဲ့ အတွက်ရိုက်ခံရတယ်ပေါ့ဗျာ၊ ဒီကြိုးတွေနဲ့ အရိုက်ခံရတာရှိတယ်၊ ဓားနဲ့အမွှန်းခံရတာရှိတယ်။ ပြီးတော့ သူ့ကို ချော့ကွက်သုံးတာက ကျတော့ လူတစ်ယောက်ကိုဖော်ရင် သူတို့ကနေပြီးတော့ ပြစ်ဒါဏ်တစ်နှစ်လျှော့ပေးမယ် လို့ပြောတယ်။ ဒါပေမယ့် ဒါကို မလုပ်ခဲ့တဲ့အတွက် ကြိုးနဲ့ထပ်ရိုက်ခံရတယ်။ ပြီးတော့ သေနတ်နဲ့ ချိန်ပြီးတော့ ပစ်တော့မယ့်ပုံစံမျိုးလုပ်တယ်၊ ပြီးတော့ ကျည်ဆံမပါတဲ့ သေနတ်နဲ့ ချိန်ပြီးတော့ပစ်တာမျိုးရှိတယ်။ ဒီလိုပုံစံမျိုးတော့ အကြမ်းဖက်စစ်တပ်က လုပ်တာမျိုးတွေရှိတယ်”* ဟု စစ်ကြောရေးတွင် ကိုယ်တိုင်ကြုံတွေ့လာပြီး လက်ရှိအချိန်ထိ မြို့ပြပြောက်ကျားသပိတ်များတွင် ဆက်လက်ပါဝင်နေသော လူငယ်တစ်ဦးမှ ပြောကြားထားသည်။

# (၁.၁၀) စစ်ကြောရေးနှင့် အကျဉ်းထောင်တွင်းရောက် အမျိုးသမီးများ၊ LGBTQIA+ များ၏ ငရဲစခန်း

ဆန္ဒပြ၊ သပိတ်မှောက်နေစဉ် အကြမ်းဖက်ဖြိုခွင်းခံရပြီး ရိုက်နှက်ဖမ်းဆီးခံခဲ့ရသည့် အမျိုးသမီးများ၊ LGBTQIA များသည် ကြီးလေးသည့် ဥပဒေပုဒ်မများဖြင့် တရားစွဲခံကြရပြီး ထိုမှတဆင့် စစ်ကြောရေးတွင် ရက်ရက်စက်စက် ညှဉ်းပမ်းနှိပ်စက်မှုများကိုလည်းခံကြရသည်။ အထူးသဖြင့် နိုင်ကျဉ်းအမျိုးသမီးများနှင့် LGBTQIA များသည် အကျဉ်းထောင်နှင့် စစ်ကြောရေးစခန်းများတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကျူးလွန်ခံနေရသည့် ဖြစ်စဉ်တချို့ကို လေ့လာတွေ့ရှိရသည်။ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လအတွင်း အဖမ်းခံခဲ့ရသည့် အသက် (၃၀) ကျော်အရွယ်ဆန္ဒပြအမျိုးသမီး တစ်ဦးအား မျက်လုံးကိုအဝတ်စဖြင့်ပိတ်၊ နောက်ပြန်အနေအထား လက်ထိပ်ခတ်ဖမ်းဆီးသွားသည်။ ထို့နောက် စစ်ကြောရေးတွင် ဖုန်းထဲရှိဆန္ဒပြခဲ့သည့်ပုံများ၊ စစ်အာဏာရှင်ဆန့်ကျင်သော ဖေ့စ်ဘုတ်ပို့စ်များတွေ့ရှိ၍ သူမနှင့်အတူ ဆန့်ကျင်ဆန္ဒပြခဲ့သူများကို ထုတ်ဖော်ပြောရန် စစ်သားများက ရိုက်နှက်ကန်ကျောက်နှိပ်စက်ခဲ့ကြသည်။

ထို့အပြင် ရိုင်းရိုင်းစိုင်းစိုင်းစကားလုံးများဖြင့် ဆဲဆိုကြိမ်းမောင်းကာ သေစေနိုင်လောက်သည့်လက်နက်များဖြင့် ပိုင်းရိုက်ခြင်းကိုလည်း ခံခဲ့ရသည်။ လွှ၊ သေနတ်၊ ဓားများဖြင့် သတ်ပစ်ရန်ခြိမ်းခြောက်ပြောဆိုပြီး ခြေသန်းကိုလွှဖြင့်တိုက် စစ်မေးကာ အဖြေမရပါက ထပ်မံရိုက်နှက်ခံခဲ့ရသည်။ စစ်ကြောရေးကာလအတွင်းတွင် အဆိုပါအမျိုးသမီးသည် အကြမ်းဖက်စစ်သားများထံတွင် ရင်သားများကိုအတင်းအကြပ်အကိုင်ခံရခြင်း၊ ပါးစပ်ထဲသို့အရက်များ အတင်းထိုးတိုက်ပြီး မသောက်ပါက ကန်ကျောက်သတ်ပုတ်ခြင်း၊ အင်္ကျီကြယ်သီးများအားဖြုတ်ကာ အဓမ္မပြုကျင့်ရန်ကြိုးစားမှုအား ကြုံတွေ့ခဲ့ရပြီး နောက်ဆုံးတွင် HIV ပိုးရှိနေသည်ဟု လိမ်လည်ပြောကြားခဲ့သဖြင့် ထိုအဖြစ်အပျက်မှ လွတ်မြောက်သွားခဲ့သည်ဟု Myanmar Now သတင်းဌာန၏ ဖော်ပြချက်အရသိရှိရသည်။[12]

အာဏာရှင်ဆန့်ကျင်သော ဆန္ဒထုတ်ဖော်မှုများတလျှောက်တွင် မြန်မာပြည်မှ လိင်စိတ်ခံယူမှုကွဲပြားသူများသည် စစ်အာဏာရှင် ဆန့်ကျင်ဆန္ဒပြပွဲများကို ကမ္ဘာ့နိုင်ငံများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းများက အာရုံစိုက်လာစေရန် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုမျိုးစုံ၊ သရုပ်ပြကွက်မျိုးစုံဖြင့် ပြုလုပ်ခဲ့သည်များရှိခဲ့သည်။ ထို့ကြောင့် အဆိုပါ လိင်စိတ်ခံယူမှုကွဲပြားသူများကို အကြမ်းဖက်စစ်တပ်မှ ပို၍အာရုံစိုက်ကာ ဖိနှိပ်မှုများ ကျူးလွန်ကြောင်း တွေ့ရှိရသည်။ မန္တလေးနန်းတွင်းစစ်ကြောရေးတွင်လည်း ဗကသအဖွဲ့ဝင်ကျောင်းသူ (၁) ဦးနှင့် စစ်ကြောရေးရောက်အမျိုးသား(၂) ဦးကို အဓမ္မပြုကျင့်ခံရကြောင်း၊ ဆေးကုသခွင့်မရကြောင်း ဗကသများအဖွဲ့ချုပ်ကကြေငြာချက် ထုတ်ပြန်ထားသည်။[13] အကျဉ်းထောင်ထဲတွင် နေ့စဉ်နှင့်အမျှ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်စော်ကားမှုများကို အကျဉ်းသူအမျိုးသမီးများ ကြုံတွေ့ကြရသည်။ ထောင်ဝင်စာတွေ့ခြင်း၊ ရုံးထုတ်သွားရခြင်း၊ ဆေးခန်းသွားရခြင်းစသည့် အခြေအနေမျိုးတွင် ထောင်ဝန်ထမ်းများက တရားမဝင်ပစ္စည်းများ၊ တားမြစ်ဆေးဝါးများ၊ ပိုက်ဆံ၊ စာ စသည်တို့သယ်ယူလာမည်စိုး၍ဟူသော ရည်ရွယ်ချက်ကို အကြောင်းပြကာ ရင်သားများကိုကိုင်ခံရခြင်း၊ မိန်းမကိုယ်ထဲလက်နှိုက်စစ်ဆေးခံရသည်များ ကို တွေ့ရသည်။ စစ်တပ်လက်အောက်ခံ ထောင်ဝန်ထမ်းများသည် ထိုသို့ရှာဖွေစစ်ဆေးနေစဉ်အချိန်တွင် တခါတရံ "နင့်ပစ္စည်းကသေးတယ်၊ ကြီးတယ်" ဟူ၍ပင် ပါးစပ်အရသာခံပြောလေ့ရှိကြကြောင်း သိရသည်။[14] ၂၀၂၁ ခုနှစ်၊ မေလအထိ NUG အစိုးရ၏အချက်အလက်များအရ အကြမ်းဖက်စစ်တပ်ကြောင့် LGBTQIA (၇၃) ဦးကျော် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး (၁၂) ဦးထက်မနည်းသေဆုံးခဲ့ရသည်။

[12]Moe Oo. (January 2022). အမျိုးသမီးတစ်ဦး ရောက်ခဲ့ရသည့် စစ်ကြောရေးငရဲခန်း ၃၆ နာရီ. Myanmar Now. https://www.myanmar-now.org/mm/news/10110

[13]အဖမ်းဆီးခံ အမျိုးသမီးရဲဘော်များ၏ စစ်ကြောရေးနှင့်ထောင်တွင်း လိင်ပိုင်းဆိုင်ရာစော်ကားခံရမှုများနှင့် ပတ်သက်၍ ထုတ်ပြန်ကြေညာချက်. (19 February 2022). All Burma Federation of Student Union. https://www.facebook.com/abfsu.cec/photos/a.113631383508735/487029066168963

[14]နိုင်/ကျဉ်း အမျိုးသမီးများ လိင်ပိုင်းဆိုင်ရာ ဖိနှိပ်ခံနေရ. (10 September 2022). The Irrawaddy. https://burma.irrawaddy.com/news/2022/09/10/254440.html

ထင်ရှားသည့် LGBTQIA +အခွင့်အရေးတက်ကြွလှုပ်ရှားသူ စုးရှုရှင်းသန့်သည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ (၂) ရက်နေ့တွင် ဆိုင်ကယ်စီးနေစဉ် စစ်တပ်၏ကားဖြင့်ဝင်တိုက်ဖမ်းဆီးခံခဲ့ရသည်။ မန္တလေးမြို့ရဲစခန်းမှာတင် သစ်ပင်ပေါ်ဇောက်ထိုးဆွဲချ ရိုက်နှက်ခံခဲ့ရပြီး စစ်ကြောရေးတွင် လိင်ပိုင်းဆိုင်ရာစော်ကားခံခဲ့ရကြောင်းသိရသည်။[15] ထို့အပြင် ၂၀၂၂ ခုနှစ်၊ ဇွန်လ(၃၀) ရက်နေ့၊ မုံရွာအကျဉ်းထောင်၌ အရက်မူးလာသည့် ထောင်ဝန်ထမ်းက Transgender (လိင်ပြောင်းအမျိုးသမီး)အား ညစ်ညမ်းသော လိင်ပိုင်းဆိုင်ရာ အသုံးအနှုန်းများဖြင့်ဖြင့် ခြိမ်းခြောက်ပြောဆိုသည့် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုများလည်းရှိခဲ့သည်။[16]

သာမာန်လူများအတွက် အကြမ်းဖက်စစ်တပ်၏ ရိုင်းစိုင်းယုတ်မာမှုများကို စကားလုံးများဖြင့် တိုင်းတာဖော်ပြရန်ပင် မသင့်လျော်သည့်အခြေအနေတရပ်ကို ရောက်ရှိလာပြီဖြစ်သည်။ မည်မျှပင် စစ်အုပ်စုသည် အကြမ်းဖက်ရန်လိုသည့် နည်းနာများကို ထုတ်သုံးလာသည်ဖြစ်စေ ပြည်တွင်းပြည်ပ နယ်ပယ်အသီးသီးရှိ အမျိုးသမီးထုနှင့် LGBTQIA + အင်အားစုများသည် တွန့်ဆုတ်ရပ်တန့်သွားခြင်းမရှိသည်မှာ ဤ ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုနှင့်အတူ မြန်မာ့နွေဦးတော်လှန်ရေး၏ စစ်မှန်သည့်လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်စိတ်ဓာတ်ကို ထင်ဟပ်စေသည်ဟု ပြောရပေမည်ဖြစ်သည်။



မတ်လ (၃)ရက်နေ့တွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၌ ဆန္ဒပြမှုအားအကြမ်းဖက်ဖြိုခွင်းပြီး အမျိုးသမီးများအား မတရားဖမ်းဆီးထားပုံ

[15] LGBT တစ်ယောက်ရဲ့ စစ်ကြောရေးငရဲခန်း. (30 October 2021). BBC News. https://www.bbc.com/burmese/59102742

[16] Tun Tun Win. (July 2022). မုံရွာအကျဉ်းထောင်တွင် ထောင်ဝန်ထမ်းက ဖမ်းဆီးခံထားရသည့် LGBT ခံယူထားသူကို လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့် (ဆက်သွယ်မေးမြန်းချက်). Mizzima. https://www.facebook.com/216265185075061/posts/5718905161477675

# အခန်း (၂)

## (၂.၁) ဥပဒေပိုင်းဆိုင်ရာ ချိုးဖောက်ခံရခြင်းများ

စစ်တပ်မှ ဥပဒေပိုင်းဆိုင်ရာ ချိုးဖောက်မှုကို လေ့လာရာတွင် အမျိုးအစား (၂) ခု တွေ့ရသည်။ ပထမတစ်ခုမှာ ပြည်သူလူထု၏ အခြေခံလူ့အခွင့်အရေးများဖြစ်သော လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်များကို ချိုးဖောက်ရန် ဥပဒေများကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများပြုလုပ်ခြင်းနှင့် ဒုတိယတစ်ခုမှာ မိမိတို့၏ အခွင့်အရေးကို ကျင့်သုံးသူ တစ်နည်းအားဖြင့် လွတ်လပ်စွာထုတ်ဖော်သူ၊ ငြိမ်းချမ်းစွာစုဝေးသူများကို ပြင်းထန်သော ပြစ်ဒဏ်များချမှတ်နိုင်သည့် ပုဒ်မများဖြင့် ထောင်ချအရေးယူခြင်းများ ဆောင်ရွက်ခြင်းဖြစ်သည်။ စစ်တပ်၏ အာဏာသိမ်းမှုသည် မည်သည့် ဥပဒေနှင့်မျှ တရားဝင်မှုမရှိသကဲ့သို့ စစ်တပ်မှ ဥပဒေများအား ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်းများသည်လည်း တရားဝင်မှု အလျင်းမရှိဘဲ လိုသလို ပုံဖျက်နေခြင်းသာဖြစ်သည်။ ထိုလိုသလို ပုံဖျက်ထားသော ဥပဒေများကိုလည်း မြေပြင်တွင် လူထုအား ဖိနှိပ်ရန်သက်သက် အသုံးပြုနေသောကြောင့် ဤသုတေသနစာတမ်းတွင် လေ့လာမှတ်တမ်းယူထားခြင်း ဖြစ်သည်။

## (၂.၂) နိုင်လွတ်လုံ ဥပဒေပြင်ဆင်ခြင်းနှင့် နိုင်ငံသားအခွင့်အရေးများအား ဆုံးရှုံးခြင်း


စစ်တပ်သည် ၎င်းအား ဆန့်ကျင်သည့် မည်သူကိုမဆို အချိန်မရွေးဖမ်းဆီးနိုင်ရန် ပြည်သူများ၏ လွတ်လပ်ခွင့်နှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ လုံခြုံရေးအား အတော်အတန်ကာကွယ်ပေးထားသည့် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကိုပြင်ဆင်ကြောင်း စတင် ကြေညာခဲ့သည်။ အာဏာသိမ်းပြီး (၂) ပတ်အကြာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ (၁၃) ရက်နေ့တွင်စစ်တပ်ခေါင်းဆောင်သည် "နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ ပုဒ်မ (၅)၊ ပုဒ်မ (၇) နှင့် ပုဒ်မ (၈) တို့ပါ ပြဋ္ဌာန်းချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၄၂၀) နှင့်အညီ ရပ်ဆိုင်းထားရမည်" ဟု ထုတ်ပြန်ကြေငြာခဲ့သည်။[17]

နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို အကာအကွယ်ပေးရေး ဥပဒေ ပုဒ်မ (၅) အရ နိုင်ငံသား တစ်ဦးတစ်ယောက်၏ အိမ်အတွင်း ဝင်ရောက်ရှာဖွေခြင်းနှင့် ဖမ်းဆီးခြင်းများ လုပ်ဆောင်ရန် ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များမှ တာဝန်ရှိသူ အနည်းဆုံး နှစ်ဦး သက်သေအဖြစ် လိုက်ပါရန် လိုအပ်သည်။ ပုဒ်မ (၇) အရ တရားရုံး၏ ခွင့်ပြုချက် မရှိဘဲ နိုင်ငံသား တစ်ဦးကို (၂၄) နာရီထက် ကျော်ပြီး ဖမ်းဆီးထားခွင့် မရှိသကဲ့သို့ ပုဒ်မ ၈ (က)အရ တည်ဆဲ ဥပဒေနှင့် အညီ ခွင့်ပြုမိန့်၊ ခွင့်ပြုချက် ဝရမ်းမပါရှိဘဲ နိုင်ငံသားတစ်ဦး၏ နေအိမ်ထဲသို့ ဝင်ရောက်ကာ ပစ္စည်းရှာဖွေ သိမ်းဆည်းခြင်းနှင့် သူတစ်ဦးဦးအား ဖမ်းဆီးခြင်းမပြုလုပ်ရ၊ ပုဒ်မ ၈ (ခ) အရ လူ့ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သော နောက်ယောင်ခံစောင့်ကြည့်ခြင်း၊ စုံထောက်ခြင်းများ မပြုလုပ်ရ၊ ပုဒ်မ ၈ (ဂ) အရ ဆက်သွယ်ရေး ကိရိယာတခုခုကို အသုံးပြု၍ ဆက်သွယ်ပြောဆိုခြင်းများကို ကြားဖြတ်ဖမ်းယူ နားထောင်ခြင်း၊ အနှောက်အယှက်ပေးခြင်း မပြုလုပ်ရ၊ ပုဒ်မ ၈ (ဃ) အရ ဆက်သွယ်ရေး အော်ပရေတာများထံမှ ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်း အချက်အလက်များအား တောင်းယူခြင်း၊ ထုတ်ပေးခြင်း မပြုလုပ်ရ၊ ပုဒ်မ ၈ (င) အရ အခြားသူ၏ ဆက်သွယ်ပေးပို့သော စာပေးစာယူ၊ စာအိတ်၊ ချောထုပ်၊ ပါဆယ်ထုပ် တခုခုအား ဖွင့်ဖောက်ခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ဖျောက်ဖျက်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း မပြုလုပ်ရ၊ ပုဒ်မ ၈ (စ) အရ ပုဂ္ဂိုလ်ရေးဆိုင်ရာ မိသားစုရေးရာ ကိစ္စများတွင် အဓမ္မဝင်ရောက် စွက်ဖက်ခြင်း မပြုလုပ်ရ၊ ပုဒ်မ ၈ (ဆ) အရ နိုင်ငံသားတစ်ဦး၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ပစ္စည်းများအား မတရားသိမ်းယူခြင်း၊ ဖျက်ဆီးခြင်းမပြုလုပ်ရပေ။[18]

[17]နိုင်လွတ်လုံ ဥပဒေပုဒ်မ ၅၊ ၇၊ ၈ တို့ပါ ပြဋ္ဌာန်းချက်များကို ရပ်ဆိုင်းသော ပြင်ဆင်သည့် ဥပဒေ ပြဋ္ဌာန်း. (2021, February 13). Eleven News. https://news-eleven.com/article/204620

[18]နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ. (2018, October 7). Myanmar Law Library. https://myanmar-law-library.org/IMG/pdf/protection_of_the_citizen_for_the_personal_freedom_and_personal_security_law_no5_2017.pdf

ထိုဥပဒေများအား ရပ်ဆိုင်းလိုက်သည့်အခါ စစ်တပ်သည် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ ဆန္ဒပြပြည်သူများ၊ အမိန့်ဖီဆန်ရေးလှုပ်ရှားမှု (CDM) တွင် ပါဝင်သူများအား ထင်သလို အိမ်ထဲဝင်ရောက်၍ ဖမ်းဆီးခြင်းများရှိသကဲ့သို့ ဆန္ဒပြပွဲများတွင် ဖြိုခွဲခြင်းများကြောင့် ပုန်းအောင်းခိုလှုံနေရသော လူငယ်များ၊ လက်ခံသော အိမ်ရှင်များအား ထင်သလို ဝရမ်းမပါဘဲ အတင်းအဓမ္မ ဝင်ရောက်ဖမ်းဆီးခြင်းများရှိလာခဲ့သည်။ ထို့ပြင်ပုဂ္ဂိုလ်ရေးဆိုင်ရာ နောက်ယောင်ခံလိုက်ခြင်းများ၊ ဆက်သွယ်ရေးကိရိယာကို အသုံးပြု၍ ဆက်သွယ်သောအခါ ကြားဖြတ်ဖမ်းယူနားထောင်ခြင်းများ၊ ဆက်သွယ်ရေး အော်ပရေများထံမှ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက် အဓမ္မတောင်းခံခြင်းများ၊ စာအိတ်၊ ပါဆယ်ထုတ်များအား ဖွင့်ဖောက်ခြင်း၊ ရှာဖွေခြင်းများ၊ မိသားစုရေးရာကိစ္စများတွင်လည်း ယောကျ်ားဖြစ်သူကို ဖမ်းမမိသောအခါ ဇနီးနှင့် သားသမီးများအား ဓားစားခံ ဖမ်းဆီးခြင်းများ၊ နိုင်ငံသားများ၏ ပိုင်ဆိုင်မှုများအား သိမ်းယူခြင်း၊ ချိတ်ပိတ်ခြင်းများအား လုပ်ဆောင်လာခဲ့သည်။



စမ်းချောင်းမြို့နယ် မှ ဖြိုခွင်းမှုအပြီး ဆန္ဒပြနေသူများ ပုန်းအောင်းနေသည့် တိုက်ခန်းများအတွင်းသို့ ပစ်ခတ်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်တစ်ဦး။ မတ်လလယ်၊ ၂၀၂၁။

# (၂.၃) ရပ်ကျေးဥပဒေအား ပြင်ဆင်ခြင်း

နိုင်လွတ်လုံဥပဒေပါ ပုဒ်မအချို့အား ဖျက်သိမ်းခဲ့သည့် ဖေဖော်ဝါရီ (၁၃) ရက်နေ့မှာပင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေကို ပြင်ဆင်ခဲ့သည်။[19] ထိုပြင်ဆင်လိုက်သော ရပ်ကျေးဥပဒေအရ ဧည့်စာရင်းစစ်ခြင်းနှင့် ဧည့်စာရင်းတိုင်ကြားခြင်းကို ပျက်ကွက်ပါက ငွေဒဏ် ၁ သောင်း၊ သို့မဟုတ် ထောင်ဒဏ် (၇) ရက်ချမှတ်နိုင်ပြီး စစ်တပ်၏ အဓိက ပြင်ဆင်သည့်ရည်ရွယ်ချက်မှာ ပြည်သူများ ရပ်ကျော်၊ ရွာကျော် သွားရောက်နေထိုင်နေခြင်းများကို အကန့်အသတ်ပြုလုပ်ရန်နှင့် ဆန္ဒပြပြည်သူများ တနေရာမှ တနေရာ ခိုလှုံရာတွင် ခက်ခဲအောင်ပြုလုပ်ထားပြီး ပြည်သူအချင်းချင်းကြား သပ်လျှိုထားရန် ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

နိုင်လွတ်လုံဥပဒေပါပုဒ်မများ ဖျက်သိမ်းခြင်းနှင့် ရပ်ကျေးဥပဒေပြင်ဆင်ခြင်းအပြင် နေအိမ်များအတွင်းသို့ ဝင်ရောက်ရှာဖွေဖမ်းဆီးရာတွင် ယခင်က ရဲအရေးပိုင်အမှုများ၌ ရဲကျင့်ဝတ်အရ ရဲဝတ်စုံအပြည့်၊ ဥက္ကဋ္ဌ (သို့) ရာအိမ်မှူး (သို့) ဆယ်အိမ်မှူးထဲမှအရပ်ဝတ် (၂) ယောက်ဖြင့်သာဝင်ရောက်ရှာဖွေစစ်ဆေးနိုင်သော်လည်း အာဏာသိမ်းပြီးနောက်ပိုင်းတွင် ရဲနှင့် စစ်သားအင်အား အလုံးအရင်းဖြင့် ထင်သလို ဝင်ရောက်ရှာဖွေကာ ရိုက်နှက် ဖမ်းဆီးလေ့ရှိသည်ကိုတွေ့ရသည်။[20]

---

[19]ရန်ကုန်မြို့နယ် တချို့တွင် ဧည့်စာရင်းတိုင်ရန် ဖိအားပေးနေ. (2021, March 22). Myanmar Now. https://www.myanmar-now.org/mm/news/6216

[20]အင်တာဗျူးမှ ကောက်နုတ်ဖော်ပြသည်။

# (၂.၄) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ (ငြိမ်းစုစီ ဥပဒေ) ဖြင့်အရေးယူမှုနည်းပါး

ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ (ငြိမ်းစုစီ ဥပဒေ)အရ ဆန္ဒပြခြင်း၊ စီတန်းလှည့်လည်ခြင်းများ ပြုလုပ်ရန် သက်ဆိုင်ရာသို့ (၄၈) နာရီကြိုတင်အကြောင်းကြားရမည်ဖြစ်ပြီး ခွင့်ပြုမိန့်မရဘဲ ဆန္ဒပြပါက ထောင်ဒဏ် (၃) လ ချမှတ်နိုင်သည်။ ထိုဥပဒေသည် အခြေခံလူ့ရပိုင်ခွင့်ဖြစ်သော လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ထားပြီး ပြီးခဲ့သည့် NLD အစိုးရလက်ထက်တွင်လည်း ပြည်သူများ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ဖိနှိပ်ကာ ဖမ်းဆီး ထောင်ချခြင်းများရှိခဲ့သည်။ ထို့ကြောင့် ဆန္ဒထုတ်ဖော်ခြင်း၊ ဆန္ဒပြခြင်းများနှင့်ပတ်သက်လျှင် အာဏာပိုင်များမှ ငြိမ်းစုစီဥပဒေအား အသုံးချလေ့ရှိသည်ကို တွေ့ရသည်။ သို့သော် အာဏာသိမ်းပြီးနောက်ပိုင်း ဆန္ဒပြသူများအား ဖမ်းဆီးပြီး အရေးယူရာတွင် စစ်တပ်မှ ပြစ်ဒဏ်နည်းသည့် ငြိမ်းစုစီဥပဒေထက် ပြစ်ဒဏ်ပို၍ ကြီးလေးသော ရာဇသတ်ကြီးပုဒ်မဆိုင်ရာ ဥပဒေပုဒ်မ (၅၀၅-က)ဖြင့် အရေးယူမှု အများအပြားကို တွေ့ရသည်။ *ငြိမ်းစုစီပုဒ်မဖြင့် အရေးယူခံရသူ (၁၇) မှုရှိပြီး (၁၃) မှုသည် ရခိုင်ပြည်နယ်တွင် ဆန္ဒပြသူများကိုအရေးယူခဲ့ကြောင်း ထူးခြားစွာတွေ့ရသည်။*




# (၂.၅) ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ပြဋ္ဌာန်းခြင်း

ဖေဖော်ဝါရီ (၁၄) ရက်နေ့တွင် စစ်တပ်သည် ရာဇသတ်ကြီးဥပဒေကိုပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်းသည်ဟုဆိုကာ ပုဒ်မ-၅၀၅ (က)၊ (ခ)၊ (ဂ) နှင့် (ဃ) တို့ကို ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းသည့်အပြင် ၅၀၅ -က နှင့် ၅၀၅ -က (၁)၊ (၂)၊ (၃) ဟူ၍ ထပ်မံပြင်ဆင်ပြဋ္ဌာန်းခဲ့သည်။ ၅၀၅ (က) အစားထိုးပြင်ဆင်ချက်တွင် "တပ်မတော်သားများ (သို့) အစိုးရဝန်ထမ်းများ တာဝန်ထမ်းဆောင်နေစဥ် ၎င်းတို့၏ စိတ်ဓာတ်ခွန်အား၊ ကျင့်ဝတ်စည်းကမ်း၊ ကျန်းမာရေး (သို့) ဆောင်ရွက်မှုတို့ကို ဟန့်တားနှောက်ယှက်ရန် (သို့) ၎င်းတို့၏ ဆောင်ရွက်မှုကို မုန်းတီးလာစေရန် (သို့) သစ္စာဖောက်ဖျက်စေရန် စိတ်ဓာတ်ကို ယိမ်းယိုင်ပျက်ပြားစေလျှင် ရာဇဝတ် (ပြစ်မှု) ဖြစ်ကြောင်း အစားထိုးပြဋ္ဌာန်းခဲ့သည်။ ပြစ်ဒဏ်မှာ (၂) နှစ်အထိ ထောင်ဒဏ် (သို့) ငွေဒဏ် (သို့) ဒဏ်နှစ်ရပ်လုံးချမှတ်နိုင်သည်။[21]

၅၀၅-က ဖြည့်စွက်ပြဋ္ဌာန်းချက်တွင် ကြောက်ရွံ့ထိတ်လန့်စေခြင်း၊ ကောလဟာလ ဖြန့်ချီခြင်းနှင့် ရာဇဝတ် (ပြစ်မှု) ကျူးလွန်အောင် လှုံ့ဆော်ခြင်း၊ သတင်းမှားများ ဖြန့်ဝေခြင်းနှင့် ရာဇဝတ်မှု ကျူးလွန်ခြင်းများကို ပြဋ္ဌာန်းထားပြီး ပြင်ဆင်ချက် ပုဒ်မ ၅၀၅ ၏နောက်၌ ပုဒ်မ ၅၀၅-က(၁) ပြည်သူလူထုအကြား ကြောက်ရွံ့ထိတ်လန့်စေခြင်း၊ ပုဒ်မ ၅၀၅-က (၂) ကောလဟာလ မမှန်သတင်းများ ဖြန့်ချီခြင်း၊ ပုဒ်မ ၅၀၅-က (၃) နိုင်ငံ့ဝန်ထမ်းများ ရာဇဝတ် (ပြစ်မှု) ကျူးလွန်စေရန် တိုက်ရိုက် (သို့) သွယ်ဝိုက်လှုံ့ဆော်လျှင် ရာဇဝတ် (ပြစ်မှု)ဖြစ်ကြောင်း ဖြည့်စွက်ခဲ့သည်။ ပြစ်ဒဏ်မှာ (၃) နှစ် အထိ ထောင်ဒဏ် (သို့) ငွေဒဏ် (သို့) ဒဏ်နှစ်ရပ်လုံးချမှတ်နိုင်သည်။[22]

[21] ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်နေ့တွင် တပ်မတော်က ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေ အနှစ်ချုပ်၊ (2021, May). Centre for Law and Democracy.

[22] ibid.


ထိုဥပဒေပုဒ်မများကို ပြင်ဆင်ခြင်း၊ ပြဋ္ဌာန်းခြင်း၏ အဓိက ရည်ရွယ်ချက်မှာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်ကို ကျင့်သုံးသော ပြည်သူများအား ပိုမိုခြောက်လန့်ရန်နှင့် ပိုမိုဖိနှိပ် အရေးယူနိုင်ရန်သာ ဖြစ်ပြီး ဆန္ဒပြခြင်းကြောင့် ဖမ်းဆီးခံရသူအများအပြားသည် ငြိမ်းစုစီဥပဒေနှင့် အရေးယူခံရခြင်းနည်းပြီး ရာဇသတ်ကြီးပုဒ်မ ၅၀၅ နှင့် ၎င်း၏ ပုဒ်မခွဲများဖြင့် အရေးယူခံရသည်များကို တွေ့ရသည်။

## (၂.၆) အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေသည် ၂၀၁၄ ခုနှစ်၊ ဇွန်လ ဦးသိန်းစိန်အစိုးရလက်ထက်တွင် ပြဋ္ဌာန်းခဲ့ပြီး ဥပဒေ၏ သဘောတရားအရ နှစ်ဦးထက်ပိုသော သူများမှ နိုင်ငံတော်ကို ဖြစ်စေ၊ သံသမန် အဖွဲ့အစည်းများကိုဖြစ်စေ ကျယ်ကျယ်ပြန့်ပြန့် အနှောက်အယှက်ပေးလျှင် အရေးယူနိုင်ရန် ရည်ရွယ်၍ ဖော်ဆောင်ခဲ့ကြောင်းတွေ့ရသည်။ ထိုပုဒ်မသည် နိုင်ငံရေးအမှုများအတွက် ရည်ရွယ်သော ဥပဒေမျိုးမဟုတ်ဘဲ ရာဇဝတ်မှုများကို နှိမ်နင်းရန်ရည်ရွယ်၍ ပြဋ္ဌာန်းထားကြောင်းတွေ့ရသည်။[23]

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ အချက်အလက်များအရ အာဏာသိမ်းပြီးနောက် အကြမ်းဖက်မှုဥပဒေဖြင့် တရားစွဲဆိုခံထားရသည့် အမှုပေါင်း (၅၃၅) မှုရှိပြီး ထိုအထဲတွင် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခြင်း၊ စုဝေးခြင်းကြောင့် တရားစွဲခံရသည့် ဖြစ်စဉ်များကိုလည်းတွေ့ရသည်။ ဥပမာအားဖြင့် တနင်္သာရီတိုင်း၊ ထားဝယ်မြို့၊ စစ်အာဏာရှင်ဆန့်ကျင်ရေး ဆန္ဒပြပွဲတွင် ဖမ်းဆီးခံခဲ့ရသည့် ကိုဝေယံကျော်၊ ကိုချစ်နိုင်၊ ကိုဇင်မျိုးဝင်းတို့သည် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က) ဖြင့် အရေးယူခံခဲ့ရပြီး ကိုဝေယံကျော်အား ထောင်ဒဏ် (၉) နှစ် ချမှတ်ခဲ့ကြောင်းသိရသည်။

### စစ်တပ်၏ မတရားသတ်ဖြတ်မှုကြောင့် ငြိမ်းချမ်းစွာစုဝေး ဆန္ဒထုတ်ဖော်နေစဉ် သေဆုံးရသည့်စာရင်း




(၂၀၂၁ ဖေဖော်ဝါရီ (၁) ရက်နေ့မှ ၂၀၂၂ ခုနှစ် စက်တင်ဘာလ (၃၀) ရက်နေ့ထိ)

[23] စစ်ကောင်စီအသုံးချနေတဲ့ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ. (2022, April 5). RFA စကားဝိုင်း. https://www.youtube.com/watch?v=M51A1nwfizM

# အခန်း (၃)

## (၃.၁) အဆက်ပြတ်မသွားသည့် သပိတ်စစ်ကြောင်းများ

အာဏာသိမ်းစစ်တပ်မှ မည်မျှပင်ရက်စက်စွာ ဖိနှိပ်ဖမ်းဆီး၊ သတ်ဖြတ်နေစေကာမူ ပြည်သူများ၏ ဒီမိုကရေစီနှင့် လွတ်လပ်ခွင့်ရလိုမှုသည် အမြဲသာလွန်ပြီး အာဏာသိမ်းသည့် အစမှစ၍ ယနေ့အချိန်ထိ ဖိနှိပ်နေသည့်ကြားမှ အဆက်မပြတ် သပိတ်စစ်ကြောင်းများကို တွေ့ရသည်။ ဖိနှိပ်ခံရမှုများသည့်ဒေသများဖြစ်သော စစ်ကိုင်းတိုင်း ကလေးမြို့၊ ယင်းမာပင်၊ ဆားလင်းကြီးမြို့နယ်များတွင် ဒေသခံပြည်သူများဦးဆောင်သပိတ်စစ်ကြောင်းများ ဆက်လက်ရှိနေသေးသည်။ ကလေးမြို့ပင်မသပိတ်၊ ယင်းမာပင်ရွှေနွယ်သွေးသပိတ်၊ ယင်းမာပင်ကယ်တင်ရှင်မရှာဒို့ကျေး ရွာသပိတ်၊ ယင်းမာပင်အရှေ့ခြမ်းနှင့် ဆားလင်းကြီးမြောက်ခြမ်း ရွာပေါင်းစုံသပိတ်စစ်ကြောင်းစသည့် အာဏာရှင်ဆန့်ကျင် ဆန္ဒပြပွဲများမှာ အချိန်ကာလအပိုင်းအခြားတခုကြာသည်အထိ ပြတ်တောက်သွားခြင်းမရှိဘဲ ဒေသခံပြည်သူများကပင် ဆက်လက် ဦးဆောင်လှုပ်ရှားနေကြဆဲဖြစ်သည်။

စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ် ရွှေနွယ်သွေးသပိတ်စစ်ကြောင်းသည် ဇူလိုင်လ (၃၀) ရက်နေ့တွင် (၄၂၅) ရက်မြောက် ချီတက်ကာ နယ်မြေမတည်ငြိမ်သည့်ကြားမှ ပြည်သူလူထုများဦးဆောင်၍ ဆန္ဒပြခဲ့ကြပြီး သပိတ်ခေါင်းဆောင်လူငယ်တစ်ဦးက *"လူငယ်ဆိုတာ လွတ်လပ်မှုကို လိုလားတဲ့သူတွေဖြစ်တယ်။ စစ်အာဏာရှင်စနစ် တည်မြဲနေပါက လူငယ်တွေရဲ့လွတ်လပ်ခွင့်တွေ ဆုံးရှုံးနေရမယ်။ ဒါကြောင့် လူငယ်တွေဟာ စစ်အာဏာရှင်စနစ်ကိုအပြီးတိုင် တိုက်ထုတ်နေကြတာပါ"* ဟု ထုတ်ပြောခဲ့သည်။[24] ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၉) ရက်နေ့ထိ ကလေးမြို့ပင်မသပိတ်သည် ၅၁၆ ရက်မြောက်ချီတက်ကာ *"အဆုံးထိတွန်းလှန် ၅/ တို့အားမာန်"* စာတန်းကို ကိုင်ဆောင်ပြီး စစ်အာဏာရှင်ဆန့်ကျင်ရေး ဆန္ဒပြခဲ့ကြသည်။[25]

## (၃.၂) ဒေသတွင်း ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်နေသော ပြည်သူများအား စစ်တပ်၏ဖိနှိပ်မှုများ



ဆန္ဒပြနေသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များမှ မျက်ရည်ယိုဗုံးများ၊ မီးခိုးဗုံးများဖြင့် ဖြိုခွင်းသဖြင့် ထွက်ပြေးနေပုံ။ မတ် ၁၇၊ ၂၀၂၂။

[24] ယင်းမာပင်မြို့နယ်တွင် ရွှေနွယ်သွေးသပိတ်ချီတက်ဆန္ဒပြ. (2022 June 30). Mizzima Burmese https://www.mizzimaburmese.com/article/110384

[25] "အဆုံးထိတော်လှန် ၅/ တို့အားမာန်" စာတန်းကိုင်ဆောင်ဆန္ဒပြခဲ့တဲ့ ကလေးမြို့ပင်မသပိတ်. (2022 July 9). Delta News Agency https://www.facebook.com/662575584120143/posts/1690612784649746

မိမိတို့၏ အမြင်၊ အတွေးအခေါ်၊ တောင်းဆိုချက်များအား ငြိမ်းချမ်းစွာ စုဝေးဆန္ဒပြကြသည့် လူထုအား စစ်တပ်၏ တုံ့ပြန်မှုထဲတွင် လူမဆန်ဆုံးနှင့် အဆိုးရွားဆုံးမှာ ကျည်အစစ်ဖြင့် ပစ်သတ်ခြင်းနှင့် ဆန္ဒပြလူအုပ်ထဲသို့ ကားဖြင့်တိုက်၍ ဖြိုခွင်းဖျက်ဆီးခြင်းဖြစ်သည်။

စစ်အာဏာသိမ်းပြီးနောက်ပိုင်း ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ကြသော ဆန္ဒပြပွဲများနှင့် သပိတ်များအား စစ်ဘက်သုံးကား၊ အရပ်သားစီးကားများဖြင့်တိုက်၍ ရက်စက်စွာ ဖြိုခွင်းမှု (၁၉) ကြိမ်တွေ့ရှိရပြီး မန္တလေးတိုင်းတွင် (၈) ကြိမ်၊ ရန်ကုန်တိုင်းတွင် (၅) ကြိမ်၊ စစ်ကိုင်းတိုင်းတွင် (၃) ကြိမ်၊ ရှမ်းပြည်နယ်တွင် (၁) ကြိမ်၊ ကချင်ပြည်နယ်တွင် (၁) ကြိမ်နှင့် တနင်္သာရီတိုင်းတွင် တစ်ကြိမ်တွေ့ရသည်။

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ကချင်ပြည်နယ် | ၀၈ မတ် ၂၀၂၁ | | | | | | | | ၁ |
| စစ်ကိုင်းတိုင်း | ၁၅ ဧပြယ် ၂၀၂၁ | ၂၂ ဖေဖော်ဝါရီ ၂၀၂၂ | ၀၆ ဇွန် ၂၀၂၂ | | | | | | ၃ |
| တနင်္သာရီတိုင်း | ၂၇ မတ် ၂၀၂၁ | | | | | | | | ၁ |
| မန္တလေးတိုင်း | ၀၈ မတ် ၂၀၂၁ | ၂၇ မတ် ၂၀၂၁ | ၁၄ ဇွန် ၂၀၂၁ | ၀၃ ဇူလိုင် ၂၀၂၁ | ၁၆ ဩဂုတ် ၂၀၂၁ | ၁၁ စက်တင်ဘာ ၂၀၂၁ | ၁၈ အောက်တိုဘာ ၂၀၂၁ | ၀၈ ဒီဇင်ဘာ ၂၀၂၁ | ၈ |
| ရန်ကုန်တိုင်း | ၀၅ ဒီဇင်ဘာ ၂၀၂၁ | ၀၇ ဇူလိုင် ၂၀၂၁ | ၂၀ ဧပြယ် ၂၀၂၁ | ၂၇ ဇူလိုင် ၂၀၂၁ | ၃၀ မေ ၂၀၂၁ | | | | ၅ |
| ရှမ်းပြည်နယ် | ၁၅ မေ ၂၀၂၁ | | | | | | | | ၁ |
| | စုစုပေါင်း | | | | | | | | ၁၉ |

# ဖြစ်စဉ်လေ့လာချက်




7 July အထိမ်းအမှတ်ဆန္ဒပြသူများကို စစ်တပ်က အရပ်သားအသွင်ယူပြီး အိမ်စီးကားဖြင့်ဝင်တိုက်သည့်ပုံ။ ဂျူလိုင် ၇၊ ၂၀၂၂။

အကြမ်းဖက်စစ်တပ်မှ အာဏာသိမ်းပြီးကာလအစောပိုင်းတွင် ၎င်းတို့ကို ဆန့်ကျင်သော လူထုလှုပ်ရှားမှုများ၌ ပါဝင်သော ပြည်သူများကို နည်းအမျိုးမျိုးဖြင့် ဖိနှိပ်ဖြိုခွင်းကာ ရိုက်နှက်ခြင်း၊ သတ်ဖြတ်ခြင်းများ ကျူးလွန်ခဲ့ရုံသာမက ပြောက်ကျားသပိတ်များကိုလည်း ထိုနည်းတူစွာ သေနတ်များဖြင့် ပစ်ခတ်ဖြိုခွင်းခြင်း၊ အိမ်စီးကား (သို့) စစ်ကားများဖြင့် တိုက်၍ ဖြိုခွင်းခြင်းများကို ဆက်တိုက်ကျူးလွန်လာသည်။

*"အမှတ်မထင် ကားနဲ့ဝင်တိုက်တာမျိုးတွေဆိုရင် အခုနောက်ပိုင်း တွင်တွင်ကျယ်ကျယ် လုပ်လာတယ်။ နောက်တခုကကျတော့ ကားနံပါတ်တွေမှတ်ပြီးတော့ အလိုက်ခံရတာမျိုးတွေ ဖမ်းဆီးခံရတာမျိုးတွေ။ ဒါတွေက ကျွန်တော်တို့အတွက်အခက်ခဲတခုလို့မြင်တယ်။ ဖမ်းဆီးခံလိုက်ရတဲ့ လူငယ်တွေ၊ ကျဆုံးသွားတဲ့လူငယ်တွေ တော်တော်များများရှိတယ်။ တော်တော်များများ ပေးဆပ်လိုက်ရတယ်"* ဟု လက်ရှိ ရန်ကုန်မြို့နယ်အတွင်း ပြောက်ကျားသပိတ်များတွင် ပူးပေါင်းပါဝင်လှုပ်ရှားနေသော လူငယ်တစ်ဦးမှ ၎င်းတို့ ကြုံတွေ့နေရသော အခက်အခဲများအား ပြန်လည်ပြောပြခဲ့သည်။

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၂) ရက်နေ့ စစ်ကိုင်းတိုင်း၊ မုံရွာမြို့တွင် နံနက်ပိုင်း "နှစ်ခြောက်လုံး စည်ကားသပိတ်" တွင် ပါဝင်သူများကို စစ်တပ်က ကားဖြင့်တိုက် ဖြိုခွင်းရာ ထွက်ပြေးသည့် ဆန္ဒပြသူအမျိုးသမီးငယ်တစ်ဦး ကိုယ်ဝန်ပျက်ကျခဲ့ပြီး လူငယ် (၅) ဦး ဖမ်းဆီးခံရသည်။၂၀၂၁ ခုနှစ် စက်တင်ဘာ (၁၁)ရက်၊ နံနက်ပိုင်းတွင် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းသာရဘုရားအနီး၌ ချီတက်ဆန္ဒပြနေသည့် သပိတ်စစ်ကြောင်းကိုလည်း စစ်တပ်မှ အိမ်စီးကားနှင့်တိုက်ဖြိုခွင်းကာ ဖမ်းဆီးမှုများပြုလုပ်ခဲ့ပြီး နှစ်ဦး ဖမ်းဆီးခံခဲ့ရပြီး တစ်ဦးသေဆုံးသည့်ဖြစ်စဉ်များကိုလည်း တွေ့ရှိရသည်။

ပြောက်ကျားသပိတ်များအား ဖိနှိပ်ရာတွင် ကားဖြင့်တိုက်သည့်အပြင် စီစီတီဗီများ၊ သက်ဆိုင်ရာ ယာဉ်ထိန်းများနှင့် စစ်တပ်ဘက်မှ ချထားသည့် သတင်းပေးများမှတဆင့် ဆန္ဒပြသူများအသုံးပြုသည့် ကားများ၊ ယာဉ်နံပါတ်များအား မှတ်တမ်းယူကာ ညဘက် ရပ်ကွက်အတွင်း လူနေအိမ်များသို့ ဝင်ရောက်စီးနင်းခြင်း၊ ဧည့်စာရင်းစစ်ခြင်းများ

[26] အင်တာဗျူးမှ ကောက်နုတ်ချက်တင်ပြသည်။

လုပ်ဆောင်ပြီး တစ်ပြိုင်နက်တည်းမှာပင် ဆန္ဒပြခဲ့သည့်နေရာဝန်းကျင် ရပ်ကွက် (သို့) ဈေး၊ ဆိုင်များအား ဖျက်ဆီး၍ ထိုနေရပ်အတွင်းနေထိုင်သည့် ပြည်သူများအား စပ်တပ်မှ အကြောင်းမဲ့ရိုက်နှက်ခြင်း၊ ဖမ်းဆီးခြင်းများလည်း တွေ့ကြုံနေကြရသည်။[26]

"ခုချိန်ထိ ၂၀၂၁ ပြေီကနေဆိုရင် ဒါ(၁)နှစ်ကျော်ပြီပေါ့နော်။ ဒီ(၁)နှစ်ခွဲလောက်ထိ ပြောက်ကျားသပိတ်တွေက မလျော့သွားဘူး။ ဒီကြားထဲမှာ ရန်သူရဲ့ဖြိုခွင်းမှုကလည်းအစုံပဲ... သေနတ်နဲ့ကြုံရင် သေနတ်နဲ့ပစ်တယ်။ ကားနဲ့တိုက်တယ်။ မျိုးစုံပေါ့နော် ပုံစံမျိုးစုံနဲ့ဖြိုခွင်းတယ်" ဟုသပိတ်ကော်မတီအဖွဲ့ဝင်တစ်ဦး၏ပြောကြားချက်များမှလည်း ထပ်မံသိရှိရသည်။

## (၃.၃) အကြမ်းဖက်ဖိနှိပ်မှုများနှင့် လူထု၏ပူးပေါင်းပါဝင်မှု

အကြမ်းဖက်စစ်တပ်မှ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်သည့် ပြည်သူများအား ရက်စက်ယုတ်မာသောနည်းများအသုံးပြု၍ ဖြိုခွင်းနေသော်လည်း မြို့ပြပြောက်ကျားသပိတ်များ လမ်းမများပေါ်တွင် ဆက်လက်ပြုလုပ်နေရသည့် အကြောင်းအရင်းမှာ အကြမ်းဖက်စစ်အာဏာရှင်ကို လုံးဝအုပ်ချုပ်ခွင့်မပေးကြောင်း နိုင်ငံတကာအသိုင်းအဝိုင်းမှ သိမြင်စေရန်နှင့် ပြည်သူများ တော်လှန်ရေး၌ သွေးမအေးသွားစေရန် ရည်ရွယ်ချက် (၂) ချက်ဖြင့် မြို့ပြပြောက်ကျားသပိတ်များကို ယနေ့တိုင် ဆက်လက်လုပ်ဆောင်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံအား မတရားအာဏာသိမ်းထားသည်မှာ အချိန်အားဖြင့် တစ်နှစ်ကျော်လာပြီဖြစ်ပြီး စစ်တပ်မှ နည်းလမ်းမျိုးစုံဖြင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ဆန္ဒပြသော ပြည်သူများအပေါ် အကြမ်းဖက် ဖမ်းဆီး၊ ညှဉ်းပမ်းနှိပ်စက်၊ သတ်ဖြတ်ခြင်းနှင့် များစွာသောမတရားမှုများ ကျူးလွန်လျက်ကြောင်း တွေ့ရှိရသည်။

ထို့အပြင် ပြောက်ကျားသပိတ်များ များစွာပေါ်ထွက်လာပြီးနောက် အကြမ်းဖက်စစ်တပ်မှ ပြည်သူလူထုနှင့် ပြောက်ကျားသပိတ်တွင်ပါဝင်သူများအကြား ဒွိဟများဖြစ်ပေါ်လာစေရန် (သို့) စည်းလုံးမှုပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ပြောက်ကျားသပိတ်များပြုလုပ်သွားသည့် လမ်း၊ နီးစပ်ရာပတ်ဝန်းကျင်၊ ရပ်ကွက်များအတွင်း နေထိုင်လျှက်သော ပြည်သူများအား အကြောင်းမဲ့ ဖမ်းဆီး ထောင်ချ၊ ရိုက်နှက်စစ်ဆေးခြင်းနှင့် ပြည်သူများ ပိုင်ဆိုင်သော ပစ္စည်းဥစ္စာများအား ဖျက်စီးခြင်း အစရှိသော ဥပဒေမဲ့သောလုပ်ရပ်များကို ဆက်တိုက်ဆိုသလို ကျူးလွန်နေလျှက်သည်။

*"ကျွန်တော်တို့ ရှေ့မှာ သပိတ်ပွဲတပွဲလုပ်လိုက်တယ်ပေါ့ဗျာ။ အဲ့နေရာကို ဟိုကောင်တွေရောက်တယ်၊ ရောက်လာပြီး ပြည်သူတွေကို ဒုက္ခပေးတယ်။ ပြီးကျရင် ညဘက်ဆို သန်းခေါင်စာရင်းစစ်ပြီးတော့ ပြည်သူတွေကို အကြမ်းဖက်ပြီး ရိုက်နှက်၊ သတ်ပုတ်တယ်။ ပြည်သူလူထုကို ဒီကောင်တွေပေးချင်တဲ့ Message ကလည်း ဒါပဲဗျ။... အာဏာရှင်တွေပေးချင်တဲ့ Message က ကျွန်တော် တို့ သပိတ်လာလုပ်တယ် ဒီလိုလုပ်တဲ့အတွက် သူတို့က ပြည်သူတွေကို လုပ်ရပါတယ်ပေါ့... ကျွန်တော်တို့လာမလုပ်ရင် သူတို့ဒီလိုလုပ်စရာမလိုပါဘူးဆိုဆိုတဲ့ Mindset ကို ဒီပြည်သူလူထုဆီကို ထည့်ပေးလိုက်တယ်ပေါ့ဗျာ"* ဟု သပိတ်အဖွဲ့ဝင် လူငယ်တစ်ဦးမှ ပြောကြားခဲ့သည်။

စစ်အာဏာရှင်ဆန့်ကျင်ရေး သပိတ်များတွင် လူထု၏ပါဝင်မှုအား လေ့လာရာတွင် လူထု၏ ထောက်ခံမှုနှင့် ပူပေါင်းပါဝင်မှုဟူ၍ နှစ်မျိုးတွေ့ရှိရသည်။ အာဏာသိမ်းသည့် ဖေဖော်ဝါရီလမှ ယနေ့အချိန်ထိ အာဏာရှင်ဆန့်ကျင်တော်လှန်ရေးတွင် လူထု၏ ထောက်ခံမှုမှာ တစိုးတစေမျှ လျော့မသွားပေ။ သို့သော် ဖော်ပြပါ

အကြမ်းဖက်လုပ်ရပ်များကြောင့် လူထုဆန္ဒထုတ်ဖော်သည့် လှုပ်ရှားမှုတခုဖြစ်သော ပြောက်ကျားသပိတ်များတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု အားနည်းလာသည်ကိုလည်း လေ့လာတွေ့ရှိခဲ့သည်။

*"စစ်တပ်ကနောက်ပိုင်းမှာ ပြည်သူလူထုတွေနဲ့ ကျွန်တော်တို့ကြားကို သွေးထိုးမှုတွေအများကြီးလုပ်လာတယ်။ ကျွန်တော် အနီးစပ်ဆုံးပြောရမယ်ဆိုရင် လှည်းတန်းဈေးကို မီးရှို့တဲ့ဖြစ်စဉ်ပေါ့။ အဲ့လိုမျိုး သွေးခွဲမှုတွေကအများဆုံးဖြစ်ပြီးတော့ ကျွန်တော်တို့ပြောက်ကျားသပိတ်တွေထွက်တိုင်း ကြုံတွေ့နေရတဲ့ အရာတခုက ပြည်သူလူထုမှာ အကြောက်တရားဝင်နေတယ်။ "ငါတို့က ဒီနေရာမှာပူးပေါင်းပါဝင်လိုက်ရင်၊ ငါတို့ လက်ခုပ်တီးလိုက်ရင်၊ ငါတို့တွေ ကြွေးကြော်သံတွေကိုလိုက်ပြီးတော့ အော်လိုက်ရင်၊ ငါတို့တွေ အားပေးအားမြှောက်ကြပြုလိုက်မယ်ဆိုရင် ငါတို့ကိုစစ်တပ်ကလူတွေက ရက်ရက်စက်စက်ပြန်ပြီးတော့... ရက်ရက်စက်စက်လုပ်လိမ့်မယ်ဆိုတဲ့ စိတ်တွေက အခုမှရှိလာတယ်။ အဲ့အကြောက်တရားတွေဝင်လာတဲ့နောက်ပိုင်းမှာ ကျွန်တော်တို့တွေအပေါ် ကျွန်တော်တို့သပိတ်တွေကြောင့် ဒါမျိုးတွေဖြစ်ရတယ်ဆိုတဲ့ အတွေးတွေစပြီးဝင်လာတဲ့ ပုံစံမျိုးတွေ တွေ့ရတယ်။ အဲ့ဒီနောက်ပိုင်းမှာ ကျွန်တော်တို့ ပြောက်ကျားသပိတ်တွေကို ပြည်သူလူထုရဲ့ထောက်ခံမှုအားက တော်တော်ကြီးကိုနည်းပါးလာတဲ့ အခြေနေမျိုးတွေ ကျွန်တော်တို့တွေ့ရတယ်"* ဟု လက်ရှိ အာဏာရှင်ဆန့်ကျင်ရေး ပြောက်ကျားသပိတ်များတွင် ပါဝင်လုပ်ဆောင်လျှက်ရှိသော လူငယ်တစ်ဦးမှ ယခုလို မှတ်ချက်ပြုပြောဆိုခဲ့သည်။

ပြောက်ကျားသပိတ်များ မြို့နယ်အများအပြားတွင် စတင်ပေါ်ထွက်လာသည့် အစောပိုင်းကာလများ၌ လူထုမှ လက်ခုပ်လက်ဝါးတီး၍ ကြိုဆိုခြင်း၊ အားပေးခြင်းများနှင့် ဖေးမကူညီမှုများစွာ ရှိခဲ့သော်လည်း နောက်ပိုင်းတွင် အကြမ်းဖက်စစ်တပ်၏ ဖိနှိပ်မှုများကြောင့် လူထုပူးပေါင်းပါဝင်မှုများ သိသိသာသာ လျော့နည်းလာခဲ့သည်။ ထိုအကြောင်းအရာနှင့် စပ်လျဉ်း၍ သပိတ်အမှုဆောင်အဖွဲ့ဝင် တစ်ဦးမှလည်း လှည်းတန်းဈေး ဖြစ်စဉ်အား ထပ်မံမီးမောင်းထိုးပြခဲ့ပြီး သပိတ်ပွဲများတွင် ပြည်သူလူထု၏ အားလျော့သွားသော ပူးပေါင်းပါဝင်မှုနှင့် ဆက်စပ်သည့်အပြောင်းအလဲများကို ထောက်ပြသုံးသပ်ထားသည်။

*"ဒီ ၂၀၂၁၊ ၂၀၂၂ အကူးအပြောင်းလောက်မှာ စပြီးတော့မှ စစ်တပ်က ဗျူဟာနည်းနည်းပြောင်းလာတယ်။ ဘာလဲဆိုတော့ ဒီဆန္ဒပြပွဲတွေကို ဖိနှိပ်တဲ့အစား သူတို့ကဘာလုပ်လဲဆိုတော့ ဆန္ဒပြပွဲတွေကို ဖိနှိပ်ဖို့*



၂၀၂၁၊ ဖေဖော်ဝါရီ လဆန်းပိုင်း ကမာရွတ်မြို့နယ်မှ သံပုံးတီးနေသောဈေးသည်တစ်ဦး။

*မမှီဘူးဆိုရင် ဆန္ဒပြပွဲလုပ်သွားတဲ့နေရာတွေကို ဖိနှိပ်တာပေါ့နော်။ ထင်ထင်ရှားရှားဆိုရင် လှည်းတန်းပေ(၅၀) စျေးမှာ ဆန္ဒပြတယ်။ ဆန္ဒပြပြီးထွက်သွားတဲ့အချိန်မှာ ညကျတော့ အဲ့စျေးကိုဝင်ပြီး မီးတွေရှို့တယ်။ ပစ္စည်းတွေဖျက်ဆီးတယ်ပေါ့နော်။ ဆိုတော့ အဲ့လိုမျိုး ရန်ကုန်မှာ (၃၄၅) နေရာလောက် ခပ်စိပ်စိပ်ဒီနှစ်အစမှာ လုပ်လာတယ် လူထုကထောက်တော့ထောက်ခံတယ်။ ဒါမဲ့ ဒီထောက်ခံမှုပြရမှာကို ကြောက်လာတယ်။ ခုနောက်ပိုင်းကျ ကျွန်တော်တို့တနေရာရာမှာ ပြောက်ကျားသပိတ်လုပ်ရင်တောင် လူတွေကရှောင်သွားကြတယ်။ ... ထားပါတော့ အဲ့နေရာမှာ ဆိုက်ကားသမားတစ်ယောက်ရှိနေရင် အဲ့ပြောက်ကျားသပိတ်နားက ဆိုက်ကားသမားကထွက်သွားတယ်။ လမ်းဘေးဈေးသည်ရှိရင် ဈေးသည်ကသူ့ပစ္စည်းတွေသိမ်းပြီး ထွက်သွားတယ် ဒီလိုပုံစံမျိုးကြုံရတယ်။ ဒါကတော့ ကျွန်တော်က မထောက်ခံဘူးဆိုတာထက် အကြောက်တရားလို့တော့ ပိုမြင်တယ်။ သူတို့က စိတ်ထဲကတော့ ထောက်ခံတယ်။ ဒါပေမဲ့ ဒီဆန္ဒပြပွဲလုပ်တဲ့နေရာမှာ ရှိနေရမှာ၊ ဆန္ဒပြပွဲမှာ သူတို့ ပူးပေါင်းပါဝင်ရမှာကို အရမ်းကြောက်လာကြတယ်။ အဲ့လိုအပြောင်းအလဲမျိုးတော့ မြင်ရတယ်ဗျ။ အဓိကက ဒီထောက်ခံမှုမလျော့သွားဘူး... ကြောက်သွားကြတာ”*

## (၃.၄) မြို့ပြပြောက်ကျား သပိတ်များနှင့် digital surveillance အန္တရာယ်

မြန်မာနိုင်ငံတွင် အကြမ်းဖက်စစ်တပ်မှ မတရားအာဏာသိမ်းထားသည်မှာ အချိန်အတိုင်းအတာအရ တစ်နှစ်ကျော်ကြာမြင့်လာပြီ ဖြစ်သော်လည်း ပြည်သူလူထု၏ စစ်အာဏာရှင်ကို တော်လှန်သောလှုပ်ရှားမှုများမှာ ယနေ့တိုင်ပျောက်ကွယ်သွားခြင်း မရှိပေ။ လူထုလှုပ်ရှားမှုများဖြစ်သော ဆန္ဒထုတ်ဖော်ပွဲများ၊ အာဏာသိမ်းမှုအား ဆန့်ကျင်သောကမ်ပိန်းများနှင့် အကြမ်းဖက်စစ်တပ်အား တော်လှန်သော ပြောက်ကျားသပိတ်များသည် နေ့စဉ်မပြတ် နိုင်ငံတွင်းဒေသအနှံ့အပြားတွင် ဖြစ်ပေါ်နေသည်။ ထိုသို့ ဖြစ်ပေါ်နေသော အခြေအနေအား ဖိနှိပ်ဖြိုခွင်းနိုင်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံရှိ မြို့ကြီးများတွင် တရုတ်နိုင်ငံထုတ် လူလုပ်အသိဉာဏ်(AI) နည်းပညာသုံး စောင့်ကြည့်ကင်မရာများအား တပ်ဆင်လာသည်ကို တွေ့ရှိရသည်။ ထိုစောင့်ကြည့်ကင်မရာ (CCTV)များသည် မျက်နှာသွင်ပြင်မှတ်သားနိုင်သော (Face Recognition) နည်းပညာအား အသုံးပြုထားကြောင်း သိရသည်။

အကြမ်းဖက်စစ်တပ်လက်အောက်ခံစစ်သားနှင့်ရဲများက ၎င်းစောင့်ကြည့်ကင်မရာများအသုံးပြုကာ လူထုလှုပ်ရှားမှုများကို စောင့်ကြည့်ခြင်း၊ အသုံးပြုခဲ့သည့် ကားနှင့် ဆိုင်ကယ်များကို မှတ်သားထားခြင်း၊ တက်ကြွလှုပ်ရှားသူအချင်းချင်း ချိတ်ဆက်မှုများ၊ သပိတ်တွင်းပါဝင်သူများ၏ နေအိမ်များနှင့် စုဝေးရာနေရာများကို ဖော်ထုတ်၍ ဖမ်းဆီး၊ ထောင်ချ၊ သတ်ဖြတ်ခြင်းများကို ဆက်တိုက်လုပ်ဆောင်လျှက်သည်။ *“ဆူးလေဘုရားအဝိုင်းကို ကြည့်လိုက်မယ်ဆိုလို့ရှိရင် ဒီ(၁၀ x ၁၀) ပေအကွာမှာ စီစီတီဗီ ၂ လုံးလောက်ရှိတယ်။ ဆိုတော့ ဆူးလေဘုရားပတ်ပတ်လည်မှာ တပ်ထားတဲ့ စီစီတီဗီအလုံးအရေအတွက်က အနည်းဆုံးအလုံး ၄၀/၅၀ ရှိတယ်။ ဆူးလေဘုရားအဝိုင်းပတ်လေးမှာတင်။...နောက်ပြီးရင် တခြားသူတို့ပိုင်ဆိုင်တဲ့ မိုးကောင်းမိခင်နဲ့ကလေးဆေးရုံတို့၊ တခြားဆေးရုံတွေ၊ အဲ့လိုဆေးရုံတွေရဲ့ အဝင်အထွက်ရှေ့က လမ်းတွေဆိုလို့ရှိရင်လည်း စီစီတီဗီတွေအများကြီးပဲ။... မီဒီယာတွေဘာတွေမှာပြောတာကတော့ ဒီစီစီတီဗီတွေက မျက်နှာကိုမှတ်သားနိုင်တယ်တဲ့ အဲ့လိုနည်းပညာတွေ ပါတယ်လို့တော့ပြောတယ်။ ကျနော်တို့တွေ အဲ့ဒါကိုတော့ အတည်ပြုနိုင်တာမရှိဘူး။ ဒါမဲ့ အဲ့လို စီစီတီဗီတွေ ပိုများလာတာကတော့သေချာတယ်။ စီစီတီဗီကိုအသုံးပြုပြီးတော့မှ ရန်သူရဲ့ထောက်လှမ်းရေးစနစ်က ပိုပြီးတော့မှ ခိုင်မာလာတယ်။ သူတို့သတင်းတွေပိုရလာတယ်ပေါ့... ကျနော်တို့ ဆန္ဒပြတဲ့လူတွေပိုဖမ်းခံလာရတယ် ဆိုတာကတော့ အမှန်တရားဖြစ်တယ်”* ဟု သပိတ်ကော်မတီ အဖွဲ့ဝင်တစ်ဦးမှ ပြေဆိုထားသည်။

တဆက်တည်းအကြမ်းဖက်စစ်တပ်၏လက်အောက်ခံသတင်းပေး၊ လော်ဘီများမှ ၎င်းတို့တယ်လီဂရမ်ချန်နယ်များပေါ်တွင် လူထုပြောက်ကျားသပိတ်များအတွင်း ပါဝင်သည့် ပြည်သူများ၏ ဖွေ့စ်ဘုတ်အကောင့်များ၊ ပရိုဖိုင်ပုံများနှင့်တကွ ၎င်းတို့ ရရှိထားသော အခြားသောပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များကို ရေးသားထုတ်ဖော်ကာ အကြမ်းဖက်စပ်တပ်မှ သွားရောက်ဖမ်းဆီးရန်၊ သတ်ဖြတ်ရန် သွေးထိုးလှုံ့ဆော်မှုများလည်း ရှိနေကြောင်း လေ့လာသိရှိရသည်။ ပြီးခဲ့သော (၂၀၂၁)ခုနှစ်၊ ဩဂုတ်လ (၈) ရက်နေ့တွင် (၃၄) ကြိမ်မြောက် ရှစ်လေးလုံးနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့လယ်၌ ထိုးသပိတ်ပြုလုပ်ခဲ့သော လူငယ်များအား ဖမ်းဆီးရန် နာမည်ကြီး စစ်တပ်လော်ဘီများက ထိုသပိတ်တွင်ပါဝင်ခဲ့သည့် လူငယ်တစ်ဦး၏ ဖေ့စ်ဘုတ် ပရိုဖိုင်နှင့် အချက်အလက်တချို့ကို ၎င်းတို့ တယ်လီဂရမ်ချန်နယ်များပေါ်၌ မျှဝေကာ ဖမ်းဆီးရန် သွေးထိုးလှုံ့ဆော်မှုများကြောင့် အကြမ်းဖက်စစ်တပ်မှ ထိုလူငယ်၏နေအိမ်သို့ အကြမ်းဖက်ဝင်ရောက် စီးနင်းခြင်းကို ကြုံတွေ့ခဲ့ရခြင်းပင်ဖြစ်သည်။

## (၃.၅) နိုင်ငံတကာဥပဒေများ၏ လက်တွေ့ဖိနှိပ်ခံပြည်သူများအပေါ် အကာအကွယ်၊ သက်ရောက်မှု




ဖေဖော်ဝါရီ၊ ၂၀၂၁ ခုနှစ် ရန်ကုန်မြို့ကုလသမဂ္ဂ ရုံးရှေ့တွင် ကုလသမဂ္ဂ၏မြန်မာ့အရေးပါဝင်ပတ်သက်မှုကို ဆန္ဒပြနေခဲ့သူတစ်ဦး။

အာဏာသိမ်းပြီးနောက် နိုင်ငံတကာဥပဒေနှင့် စံချိန်စံနှုန်းများသည် ပြည်တွင်းရှိ ဆန္ဒထုတ်ဖော်သူများ၊ မတရားဖမ်းဆီးခံရသူများကို အကာအကွယ်ပေးနိုင်ခြင်းလုံးဝ မရှိသည်ကို တွေ့မြင်နေရသည်။ ကျွမ်းကျင်သော ဥပဒေပညာရှင်နှင့် အင်တာဗျူးအရ *"နိုင်ငံတကာဥပဒေတွေရဲ့ အကာအကွယ်ပေးနိုင်မှုက (0%) ပဲရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတကာ ဥပဒေရဲ့ သဘာဝကို ကျွန်တော်တို့ တည့်တည့်ပဲ ကြည့်ကြပါစို့ဗျာ... ဥပဒေတွေရှိတယ်ဆိုရင် အဲ့ဥပဒေကို စည်းနှောင်မှု (binding) လုပ်ဖို့အတွက် အနောက်က Force ဆိုတာရှိတယ်။ ဥပဒေရှိတယ် အဲ့ဥပဒေကို စည်းနှောင်မှု (binding) လုပ်တဲ့ Force တခုရှိတယ် အဲ့လိုမျိုးရှိမှ ဒီဥပဒေသည် အသက်ဝင်တယ်။ Force ကမရှိဘူးဆိုရင် အဲ့ဥပဒေကို အသက်ဝင်အောင်လုပ်လို့မရဘူး၊ အဲ့လိုဆိုရင် ဥပဒေဟာ မရှိသလိုပဲ ဖြစ်နေတယ်။ အဲ့တော့နိုင်ငံတကာမှာ ဥပဒေတွေရှိတယ်... ဒါပေမယ့် ဒီဥပဒေကို Force လုပ်ဖို့ရာအတွက်အားက မြန်မာပြည်တွင်းမှာ မရှိဘူး၊ မြန်မာပြည်ထဲကို အဲ့အားတွေက မသက်ရောက်ဘူးဆိုတော့ ဘယ်လိုလုပ်ပြီးတော့မှ ဒီဥပဒေဟာ မြန်မာပြည်မှာ အကာအကွယ်ရပါတော့မလဲ။ ဘယ်လိုမှ မရပါဘူးဗျာ။ ဟို... ဒါကမဖြစ်နိုင်တဲ့အရာပါ။"* ဟုဖြေကြားခဲ့သည်။ တော်လှန်ရေးကာလတွင် နိုင်ငံတကာဥပဒေများသည် စံသတ်မှတ်ချက်တစ်ခုအနေနဲ့သာရှိနေပြီး စစ်တပ်သည် လေးစားလိုက်နာမှုမရှိသည့်အပြင် မျက်နှာပြောင်တိုက်ကာ ချိုးဖောက်နေခဲ့သည်။

## (၃.၆) အမျိုးသမီးရှေ့နေများ လိင်ပိုင်းဆိုင်ရာထိပါးစော်ကားခံရမှု

ဆန္ဒပြပွဲအတွင်း ဖမ်းဆီးတရားစွဲဆိုခံရသောအမှုများကို ကူညီဆောင်ရွက်ပေးသည့် လူငယ်အမျိုးသမီးရှေ့နေများသည် စစ်သားများ၏ အမျိုးမျိုးသော လိင်ပိုင်းဆိုင်ထိပါးစော်ကားမှု (Sexual Harassment)နှင့် ကြုံတွေ့နေရကြောင်း အမျိုးသမီးရှေ့နေတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။ ယခင်က အကျဉ်းသားများကိုဦးစီးသူ (ထောင်ဝါဒါ) ၏ ခွင့်ပြုချက်ဖြင့် အမှုသည်ကိုသွားရောက်တွေ့ဆုံ စကားပြောနိုင်သော်လည်း အကျဉ်းထောင်တွင် အရက်မူးနေသည့် စစ်သားများကင်းစောင့်သည့်အချိန်မှစ၍ ၎င်းတို့၏ကာအိန္ဒြေပျက်ပြားအောင်ပြောဆိုခြင်း၊ ကိုယ်ထိလက်ရောက် ထိပါးနှောင့်ယှက်ခြင်းများကို ခံကြရသည်။ ရန်ကုန်မြို့တွင်း ရုံးချိန်းတစ်ခုတွင် အမှုသည်ကိုသွားရောက်တွေ့ဆုံစဉ်၌ စစ်သားတစ်ဦးမှ "ဆရာမကျနော်လိုက်ပို့ပေးမယ်ဆိုပြီး ပုခုံးလာကိုင်တယ်၊ ပုခုံးကနေမှ ကျောကုန်းတလျှောက် တင်ပါးတွေကိုသွားထိတာမျိုးတွေ ကြုံရတယ်။ တချို့ရုံးချိန်းတွေသွားရင် စစ်သားတွေက ဖွန်ကြောင်တာတွေ၊ ငါတို့ပြန်ပြောပြလို့အဆင်မပြေတဲ့ စကားမျိုးတွေကိုပြောကြတာ၊ ပြီးတော့ ရင်သား၊ တင်ပါးတွေကို အကြာကြီးစိုက်ကြည့်တာ"[27] ဟုအဆိုပါရှေ့နေ အမျိုးသမီးကပြောပြခဲ့သည်။

နှုတ်ဖြင့်စော်ကားမှုမှာ သာမာန်အစောင့်စစ်သားတိုင်းအတွက် မည်သူ့ကိုမျှကြောက်စရာမလိုဘဲ နေ့စဉ်ပြုမူနေသည့် အလုပ်တစ်ခုကဲ့သို့ဖြစ်နေပြီဖြစ်ကြောင်းလည်း ကြားသိရသည်။ ဤကဲ့သို့ တာဝန်ချိန်အတွင်း အရက်သေစာ သောက်စားမူးယစ်လျှက် ရှေ့နေအမျိုးသမီးငယ်များကို လက်နက်အားကိုးဖြင့် လိင်ပိုင်းဆိုင်ရာထိပါး နှောင့်ယှက်မှု အနိုင်ကျင့်နေပြီး ဥပဒေအကာအကွယ်ကိုလည်း မျှော်လင့်နိုင်စရာအခြေအနေမရှိဘဲ တစုံတရာတုန့်ပြန်မှုမျိုး လုပ်နိုင်ခြင်းမရှိကာ အသက်အန္တရာယ် အချိန်မရွေးကျရောက်လာနိုင်သဖြင့် အမျိုးသမီးရှေ့နေများအတွက် လုံခြုံမှုအတိကင်းမဲ့ လျှက်ရှိနေသည်။

[27]အင်တာဗျူးမှ ကောက်နှုတ်ချက်

# အခန်း (၄)

## နိဂုံး

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့အာဏာသိမ်းပြီးသည်မှစ၍ အကြမ်းဖက်စစ်တပ်အား ဆန့်ကျင်ဆန္ဒပြသည့် ဆန္ဒပြပွဲများစွာ ပုံဖော်မှုအမျိုးမျိုးဖြင့် ပေါ်ထွက်ခဲ့သည်။ ယင်းလှုပ်ရှားမှုများသည် အာဏာသိမ်းပြီးသည့် ကာလအစောပိုင်းတွင် လူထု၏အားပေးထောက်ခံမှုများစွာကို ရရှိခဲ့ပြီး နိုင်ငံအတွင်းဒေသအနှံ့အပြားရှိ ပြည်သူများမှလည်း ပူးပေါင်းပါဝင်ခဲ့ကြသည်။ သို့သော် စစ်တပ်မှ လမ်းမများပေါ်တွင် ငြိမ်းချမ်းစွာစီတန်းလှည့်လည်၍ဆန္ဒထုတ်ဖော်ကြသော လူထုအား အကြမ်းဖက်ဖြိုခွင်းမှုများစတင်ခဲ့သည့် အချိန်မှစ၍ ဆန္ဒပြပွဲများတွင် လူထု၏ပူးပေါင်းပါဝင်မှုများ သိသိသာသာလျော့နည်းလာခဲ့သည်။ အကြမ်းဖက်စစ်သားများမှ လူထုဆန္ဒပြပွဲများအား စစ်လက်နက်များသုံး၍ ဖြိုခွင်းပြီး အပြစ်မဲ့ပြည်သူများကို မတရား ဖမ်းဆီး၊ ရိုက်နှက်၊ သတ်ဖြတ်ခြင်းများကို ပေါ်ပေါ်ထင်ထင် ကျူးလွန်လာသည့်အပြင် မြို့တွင်းပြောက်ကျားသပိတ်များကိုလည်း ရရာနည်းလမ်းများအသုံးပြုကာ ဖိနှိပ်ဖြိုခွင်းမှုများကို တွင်တွင်ကျယ်ကျယ် ပြုလုပ်လာသည်ကို လေ့လာတွေ့ရှိရသည်။

ထို့အပြင် စစ်အာဏာရှင်ဆန့်ကျင်သော လူထုလှုပ်ရှားမှုများတွင် အကြမ်းဖက်စစ်တပ်၏ မတရားဖမ်းဆီးခံရသော အပြစ်မဲ့ ပြည်သူများအား ဥပဒေကျင့်ထုံးများနှင့်အညီ လုပ်ဆောင်ခြင်းမပြုပဲ နီးစပ်ရာ စစ်ကြောရေးစခန်းများသို့ အဓမ္မပို့ဆောင်ခြင်း၊ မဆီလျော်သော ပုဒ်မများတပ်၍ ထောင်ချသောဖြစ်ရပ်များစွာကိုလည်း မြင်တွေ့ရသည်။ အထက်တွင်ဖော်ပြထားသကဲ့သို့ အကြမ်းဖက်စစ်တပ်မှ လူထုလှုပ်ရှားမှုဟူသမျှကို နည်းလမ်းမျိုးစုံသုံးပြီး ဖိနှိပ်ဖြိုခွင်းမှုများ တောက်လျှောက် ပြုလုပ်နေသော်လည်း ဆန္ဒပြပွဲများစတင်သည့်အချိန်မှစ၍ ယနေ့တိုင် ပြည်သူများက ၎င်းတို့သက်ဆိုင်ရာကဏ္ဍအသီးသီး အလိုက် အကြမ်းဖက်စစ်တပ်အားဆန့်ကျင်သည့်လူထုတော်လှန်ရေးလှုပ်ရှားမှုများကိုပါဝင်လုပ်ဆောင်နေကြဆဲဖြစ်သည်။

## သုတေသနနည်းလမ်းနှင့် စိန်ခေါ်မှုများ

ဤသုတေသန အစီရင်ခံစာသည် မြန်မာနိုင်ငံတွင် အာဏာသိမ်းပြီးနောက်ပိုင်း စစ်တပ်၏အုပ်ချုပ်မှုအား လက်မခံသော ပြည်သူများမှ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်၍ ၎င်းတို့၏ လူ့ရပိုင်ခွင့်နှင့်အညီ ဆန္ဒထုတ်ဖော်သော လူထုလှုပ်ရှားမှုများကို အကြမ်းဖက်စစ်တပ်မှ ဥပဒေမဲ့ ရက်စက်စွာ ဖြိုခွင်းခြင်းများနှင့် စပ်လျဉ်းသော အကြောင်းအရာများနှင့် အသံအဖွဲ့မှ အစဉ်တဆက် ဆိုရှယ်မီဒီယာများပေါ်မှ ကောက်ယူထားသော သတင်းအချက်အလက်များနှင့်တကွ ယခုအချိန်ထိ လူထုလှုပ်ရှားမှုသပိတ်များတွင် ပါဝင်နေသာလူငယ်များ၊ သပိတ်ကော်မတီအဖွဲ့ဝင်များနှင့် ဥပဒေရေးရာကျွမ်းကျင်သော ရှေ့နေများနှင့် တစ်ဦးချင်း အွန်လိုင်းအင်တာဗျူးများမှ ပြောကြားချက်၊ သုံးသပ်ချက်များအား အခြေခံ၍ မှတ်တမ်းတင်ရေးသားထားသော စာတမ်းတစ်စောင် ဖြစ်သည်။

ဖမ်းဆီးခံရသူများကို လေ့လာရာတွင် အကြောင်းရင်းကို ရှာဖွေရာ၌ အမျိုးအစားသတ်မှတ်ရန် ခက်ခဲပြီး ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား ဆန္ဒပြနေချိန်တွင် အဖမ်းခံရခြင်းကြောင့် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်း ဆိုင်ရာအချက်နှင့် ကိုက်ညီသော်လည်း ဖမ်းဆီးခံရသူများသည် ဆန္ဒပြနေချိန်မဟုတ်သော်လည်း မိမိ၏နေအိမ်တွင်လည်းကောင်း၊ အခြားမည်သည့်နေရာတွင်မဆို ဆန္ဒပြခဲ့ခြင်းကြောင့်ဟု သတ်မှတ်၍ ဖမ်းဆီးမှုများရှိသကဲ့သို့ စစ်တပ်မှ ပြည်သူများအား တစုံတရာကျူးလွန်၍ ဖမ်းဆီးခြင်းမျိုးမဟုတ်ဘဲ ထင်သလိုဖမ်းဆီးပြီး ပုဒ်မတပ်သည့် ဖြစ်စဉ်များစွာရှိသည့်အတွက် တစ်စုံတစ်ဦးအား ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းတွင် ပါဝင်ခြင်းကြောင့် ဖမ်းဆီးခံရခြင်း ဟုတ်/မဟုတ် သတ်မှတ်ရန်မှာ လွန်စွာခက်ခဲလှသည်။

သုတေသနအဖွဲ့သားများအနေဖြင့် လတ်တလောမြေပြင်တွင် ဖြစ်ပေါ်နေသောအခြေအနေများနှင့် အင်တာဗျူးဖြေဆိုသူတို့၏ အသက်အန္တရာယ်လုံခြုံရေးကြောင့် လူတွေ့အင်တာဗျူး စီစဉ်နိုင်ခဲ့ခြင်းမရှိသည့် အချက်သည် ဤအစီရင်ခံစာနှင့် ဆက်စပ်သော သတင်းအချက်အလက်များ ကောက်ယူရာတွင် အဓိကကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုတရပ်ပင်ဖြစ်သည်။ အခြား စိန်ခေါ်မှုတစ်ခုမှာ မြို့ပြပြောက်ကျားသပိတ်များတွင် တတ်ကြွစွာ ပါဝင်နေသော လူငယ်အချို့နှင့် အင်တာဗျူးရန် ချိန်းဆိုပြီးနောက်ပိုင်း ထိုလူငယ်များအား အကြမ်းဖက်စစ်တပ်မှ မတရားလိုက်လံရှာဖွေ ဖမ်းဆီးနေခြင်းကြောင့် ရှောင်တိမ်းနေရပြီး အင်တာဗျူးဖြေဆိုရင် အချိန်ပေးပါဝင်နိုင်ခြင်းမရှိခဲ့ပေ။

## “ကျေးဇူးတင်လွှာ”



သုသေတနစာတမ်းဖြစ်မြောက်ရန် အချိန်ပေးကာ စစ်အာဏာရှင်တော်လှန်ရေးကို တထောင့်တနေရာမှအကျိုးပြုစေမည့်သတင်းအချက်အလက်များ ပြန်လည်မျှဝေပေးခဲ့သူတဦးချင်းစီနှင့်တကွ အဘက်ဘက်မှ ပူးပေါင်းပါဝင်ပေးခဲ့ကြသည့် သူတစ်ဦးချင်းစီကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

အသံအဖွဲ့ကို လူ့အဖွဲ့အစည်းတစ်ခုလုံးတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရရှိရေး အတွက်ရည်ရွယ်၍ လူငယ်များမှစုစည်းကာ ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက် နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည် ။အသံအဖွဲ့သည် သုတေသနကို အခြေခံထားသော အဖွဲ့အစည်းဖြစ်ပြီး သုတေသန၊ စည်းရုံးလှုံ့ဆော်ရေး နှင့် သင်တန်းပို့ချခြင်း လုပ်ငန်းများကို အစဉ်တစိုက် လုပ်ဆောင်ခဲ့သော အဖွဲ့အစည်း တစ်ခုဖြစ်သည်။

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အဟန့်အတားဖြစ်သည့်ဥပဒေများ၊ ဓလေ့ထုံးတမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဖြစ်စဥ်ဖြစ်ရပ်များကို စဥ်ဆက်မပြတ်လေ့လာ ဖော်ထုတ်မှတ်တမ်းတင်ခြင်း၊ အဖွဲ့၏သုတေသန တွေ့ရှိချက်များအပေါ်အခြေခံ၍ ဒီမိုကရေစီစံနှုန်းများနှင့်ကိုက်ညီသည့် ဥပဒေဆိုင် ရာပြုပြင်ပြောင်းလဲမှုများ ပေါ်ပေါက်လာစေရေးဆောင်ရွက်ခြင်း၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပြည့်အဝရရှိစေရန် သက်ဆိုင်ရာအဆင့်အလိုက်၊ ကဏ္ဍအလိုက် စည်းရုံးလှုံ့ဆော်ဆွေးနွေးမှုများ ဆောင်ရွက်သွားခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့သည်။ အသံအဖွဲ့၏မျှော်မှန်းချက်မှာ ဒီမိုကရေစီစံနှုန်းတစ်ခုဖြစ်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အပြည့်အဝ ရရှိသော လူ့အဖွဲ့အစည်းဖြစ်လာရန် ရည်သန်သည်။

ATHAN အသံ